မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၈၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် H.E. Mr. John Holmes ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂလူသားချင်းစာနာမှုအကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E. Mr. John Holmes အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ကျော်တို့ တက်ရောက်ကြပြီး ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် H.E.Mr. John Holmes နှင့်အတူ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Mr. Bishow Parajuli၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA) ဌာနေကိုယ်စားလှယ် Mr. Danial B. Baker၊ ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး(OCHA)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနအကြီးအကဲ Mr. Thierry Delbreuve နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E. Mr. John Holmes ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇူလိုင် ၂၅ ရက်)

တောင်သူများ လူမှုစီးပွားဘဝမြင့်မားရေး ရော်ဘာကို စီးပွားဖြစ်တိုးချဲ့ စိုက်ပျိုး

မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ရေခံမြေခံကောင်းမွန်မှုသည် သီးနှံဖြစ်ထွန်းရန်အားပေးသည်။ ရော်ဘာသည် ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများအတွက်သာမက ပြည်ပပို့ကုန်အတွက်ပါ အရေးပါသည့်နှစ်ရှည်ပင် ဖြစ်သည်။

ရော်ဘာစိုက်ပျိုးရေးကို မွန်ပြည်နယ်၌ နှစ်ပေါင်းများစွာကပင် လုပ်ကိုင်ခဲ့ကြသည်။ ဒေသ၏ရေမြေသဘာဝအခြေအနေပေးမှုနှင့် ရာသီဥတုကောင်းမွန်မှုကြောင့် တစ်နိုင်ငံလုံးတွင် ရော်ဘာအများဆုံး စိုက်ပျိုးထုတ်လုပ်သော ဒေသလည်းဖြစ်သည်။

ယခုအခါ ရော်ဘာဖြစ်ထွန်းနိုင်သည့် ရာသီဥတုရှိသော မြေညီမြေပြန့်ဒေသများအပြင် ကုန်းမြေများ၊ လျှိုမြောင်များ၊ တောင်စောင်းများရှိသည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင်လည်း စီးပွားဖြစ် စိုက်ပျိုးနေကြပြီဖြစ်သည်။ ပုဂ္ဂလိက တောင်သူများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များက ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်က ရော်ဘာစိုက်ပျိုးသူများအတွက် စိုက်ပျိုးမြေအလွယ်တကူရရှိနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ တတ်ကျွမ်းစေရေး ကူညီဖြည့်ဆည်းပေးလျက်ရှိရာ နှစ်စဉ်ရော်ဘာစိုက်ပျိုးမှု မြင့်မားတိုးတက်လာခဲ့သည်။

မြန်မာ့ရော်ဘာများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စင်ကာပူနိုင်ငံများက ဈေးကောင်းပေးဝယ်ယူနေ၍ ဈေးကွက်ခိုင်မာလျက်ရှိသည်။ ပြည်ထောင်စုတစ်ဝန်းတွင် ရော်ဘာစိုက်ပျိုးနိုင်မည့် အခြေအနေကောင်းများရှိရာ စီးပွားဖြစ်စိုက်ပျိုးခြင်းကြောင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးကို အထောက်အကူပြုလျက်ရှိသည်။

သို့ဖြစ်ရာ စက်မှုလုပ်ငန်းများ ထွန်းကားလာသည်နှင့်အမျှ ရော်ဘာအသုံးပြုမှုသည်လည်း ကျယ်ပြန့်လာရာ စက်မှုကုန်ကြမ်းရော်ဘာကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးခြင်းဖြင့် နိုင်ငံ့အကျိုးစီးပွားသာမက စိုက်ပျိုးသူ တောင်သူများအတွက်ပါ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်ပျဉ်းမနား ရွှေပြည်အေးမဟာစည်ရိပ်သာ ဝါတွင်း၁၅ရက် အလုပ်ပေးတရားစခန်း

ရန်ကုန် ဇူလိုင် ၂၄

နေပြည်တော်ပျဉ်းမနား ပန်းခင်းကွက်သစ် ဘုရားကြီးတောရကျောင်း ရွှေပြည်အေးမဟာစည်ရိပ်သာ ကမ္မဋ္ဌာနာစရိယဆရာတော် ဉူးဓမ္မပါလသည် ဝါတွင်း(၂၆)ကြိမ်မြောက် ၁၅ရက် ဝိပဿနာ အလုပ်ပေးတရားစခန်းပွဲကို ၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း ၅ရက်မှ လပြည့်ကျော် ၆ရက်(ဩဂုတ်၆ရက်မှ၂၂ရက်)အထိ ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။

အမျိုးသားများ ဒုလ္လဘရဟန်းဝတ်၍ တရားအားထုတ်ကြရမည်ဖြစ်ပြီး သပိတ်၊ သင်္ကန်းများကို ဆရာတော်က ထောက်ပံ့လှူဒါန်းပေးမည်ဖြစ်သည်။ တရားစခန်းဝင်ကြမည့် ယောဂီများနှင့် ဆွမ်းလှူဒါန်းလိုသူများသည် ဖုန်း-၀၆၇-၂၃၀၄၃သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၅-၇-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅	၄။	မဟာဂီတ ချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	အမျိုးသားရေးတေးကဗျာ
၄း၄၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၈။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၉။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၃၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒိုးဒိုးဒေါက်ဒေါက် ဘုန်းနဲ့ဘောက်** (အပိုင်း-၂၁)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **သေရည်သေရက်မေတ္တာစာ**
	၂၁။	စိုက်ပျိုးသုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း-၃၄)

ရန်ကုန်တိုင်း အရှေ့ရန် ကင်း မြို့နယ် အခန်း၂၇ တိုက်၂၁၃ နေ ဦးမောင်မောင်ခင်-ဒေါ်သန်းနွယ်၊ သမီး ဒေါ်စန္ဒာမောင်၊ သား မောင်ရန်လင်းမောင် မိသားစုက ဒဂုံမြို့နယ် အမှတ်၁၂ စ ကား ဝါ လမ်း မင်းကွန်း တိပိဋကဆရာတော်ကြီး၏ တိပိဋက ရွှေရတု၊ ငွေရတုကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ချောက်စက်မှုလက်မှု သိပ္ပံကျောင်းဆင်း မိသားစု ဝါဆိုသင်္ကန်း ကပ်လှူပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

ချောက်စက်မှုလက်မှုသိပ္ပံ ကျောင်းဆင်း အင်ဂျင်နီယာ မိသားစုများ၏ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဆရာကန်တော့ပွဲ အခမ်းအနားများကို ဇူလိုင် ၂၆ရက်(စနေနေ့) နံနက်၉နာရီတွင် မကွေးမြို့ မြသလွန်ဘုရားအရှေ့ဘက်ရှိ ဝေဠုဝန်ကျောင်းတိုက်၌ လည်းကောင်း၊ ဇူလိုင် ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မန္တလေးမြို့ ၇၀-၇၁လမ်းကြားနှင့်၃၀-၃၁ လမ်းကြားရှိ နန်းဦးကျောင်းတိုက်၌ လည်းကောင်း၊ဩဂုတ်၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း ဗဟန်း၃လမ်း မှတ်တိုင်အနီးရှိ အဘိဓမ္မာရတနာဃရ ဓမ္မဗိမာန်တော်ကြီး၌ လည်းကောင်း အသီးသီး ကျင်းပမည်ဖြစ်၍ ကျောင်းဆင်း အင်ဂျင်နီယာ မိသားစုများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၃-၄၀၄၉၅၊ ဦးသောင်းညွန့် ဖုန်း-၀၂-၆၄၅၀၀နှင့် ဦးမောင်မောင်အုန်းမြင့် ဖုန်း-၀၉-၅၀-၁၅၆၇၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက် ပညာဒါန သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် လေးဒေါင့်ကန်လမ်းမကြီး (ဘဝမြင့်မှတ်တိုင်အနီး)ရှိ ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက်၌ ပဓာနနာယကဆရာတော်ဦးစီး၍ ပညာဒါနသင်တန်းများအဖြစ် အင်္ဂလိပ်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်ဘာသာ(အရေး၊ အပြော၊ အဖတ်)အထူးသင်တန်းများကို ဩဂုတ် ၉ရက် (စနေနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းမေးမြန်းနိုင်

အဆိုပါ ပညာဒါနသင်တန်းများတွင် ဦးမိုးမြင့်မောင်(ဆရာဝီလျံ)နှင့် ဦးစိုးငြိမ်း အစရှိသည့် ဝါရင့်ဆရာ ဆရာမများက ပညာဒါနအဖြစ် သင်ကြားပို့ချလျက်ရှိသည်။ သင်တန်းကာလမှာ နှစ်လခွဲဖြစ်ပြီး သင်တန်းနှင့်ပတ်သက်သော အချက်အလက်များကို သိရှိလိုပါက ဖုန်း-၅၆၀၇၄၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၇-၂၀၀၈ (သောကြာနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**အမှတ်တမဲ့မှ အမှတ်တရတရားတော်** (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၈း၀၅-၂း၀၅	မော်လမြိုင်တောင်ရိုးတန်းမှာ သမ္ဘာယ်ထင်ရှား ဦးဇိနဘုရား
၈း၂၀-၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅-၂း၂၅	International Video Topics (လျှင်မြန်ပေ့ပါး မော်တော်ကား)
၈း၅၀-၂း၅၀	Orchard Families (အပိုင်း-၁)
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	Art Vision (wild eye VI contemporary art exhibition)
၉း၄၀-၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (လူမိုက်နှင့်ကင်း ချမ်းသာခြင်း)
၉း၅၅-၃း၅၅	ဓမ္မိကဗုဒ္ဓစာပေသင်တန်းမှ ကာလဒါနအလှူ
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅	နယည်ဆန်းထွင် ပန်းအလှဆင် [စက်ဝိုင်းပုံ ပန်းအိုးထိုးနည်း(ပန်းအိုးအကြီး)]
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀-၄း၄၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၁း၀၀-၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	PEACE OF MIND (စိတ်ငြိမ်းအေးသော) (ဒါရိုက်တာ-ကြည်ဖြူသျှင်)
၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀	သင်ယူလေ့လာ ပန်းပုပလတ်စတာ
၁၂း၀၅-၆း၀၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **“ဖူးစာလမ်းဆုံ”**
၁၂း၃၅-၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀-၆း၄၀	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် FMI City ရွှေသရဖီ၃လမ်းနေ ဗိုလ်မှူးမြင့်စိုး(ငြိမ်း) တစ်နှစ်ပြည့်အား ရည်စူး၍ ဇနီး ဒေါ်ကျင်စန်း၊ သား မောင်မြင့်နိုင်စိုး၊ သမီး မခင်သန္တာစိုး၊ သံဖြူဇရပ်မြို့နေ ဒေါက်တာ တင်အောင်စိုး-ဒေါ်ထိုက်ထိုက်၊ မောင်စိုးငြိမ်းချမ်းအောင်၊ မောင်ကောင်းထက်အာကာကျော် မိသားစုက ဆွမ်းပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဦးကြိုင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီစည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၄

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ (၇/၂၀၀၈) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ကျင်းပရာ ရှေးဦးစွာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က လေးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့များ၏ အဖွဲ့ခေါင်းဆောင်များဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်တို့က မိမိတို့တာဝန်ယူထားသော ပြည်နယ်နှင့် တိုင်းအလိုက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

ကြည့်ရှု

ယင်းနောက် နိုင်ငံသားတို့အတွက် သစ်တောထွက်ပစ္စည်းများနှင့် စားနပ်ရိက္ခာထုတ်လုပ်ပေးသည့်အပြင်ပတ်ဝန်းကျင်တည်တံ့ခိုင်မြဲရေးတွင်လည်း အရေးပါအရာရောက်သည့် ဒီရေတောများ၏ အခန်းကဏ္ဍကို ဖော်ညွှန်းသော "ပတ်ဝန်းကျင်တည်တံ့ခိုင်မြဲရေး ဒီရေတောများ ပိုင်းဝန်းထိန်းသိမ်းပေး" ရုပ်မြင်သံကြားအစီအစဉ်နှင့် ဘိုကလေးမြို့နယ်အတွင်း မုန်တိုင်းဒဏ် ခံစားခဲ့ရသည့် ပြည်သူများအတွက် သစ်တောရေးရာဝန်ကြီးဌာန၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု ရုပ်မြင်သံကြား အစီအစဉ်များကို ကြည့်ရှုကြသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်ကနိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမြတ်တရား (၄) ပါး

ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးဖြစ်သည်။
ရောင့်ရဲခြင်းသည် မြတ်သောကိုယ်ပိုင်ဥစ္စာဖြစ်သည်။
ချစ်ကျွမ်းဝင်သူသည် မြတ်သောဆွေမျိုးဖြစ်သည်။
နိဗ္ဗာန်သည် မြတ်သောချမ်းသာဖြစ်သည်။

(ဓမ္မပဒ - ၂၀၄)

ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြား ရွှေသင်္ကန်းတော်များ ကပ်လှူရန် ကိုးလက်မ ပတ်လည်တစ်ကျပ်သား ရွှေပြား တစ်ချပ်အတွက် အလှူငွေ ကျပ် ၅၄၀၀၀၀ကို အဘိုး အဘွား၊ မိဘများနှင့် အစ်ကို၊ အစ်မ များအား

ရည်စူး၍ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ၁၆/အပိုင်း(၂) စွန်းလွန်းဂူဝိပဿနာတိုက် ယောဂီဆောင် ၅၊ အခန်း ၂နေ ဒေါ်ခင်သန်းနှစ်၊ သမီး မခင်စိန်တို့က ဂေါပက ဦးလှထွန်း၊ ဦးခင်ဆွေ၊ ဦးစန်ဝင်းနှင့် ဦးအောင်ဆုတို့ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဗီဒီယိုပြသမှု သတ်မှတ်စည်းကမ်းများအတိုင်း လိုက်နာမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးမည်

ရန်ကုန် ဇူလိုင် ၂၄

မြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီသည် ၂၀၀၈-၂၀၀၉ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ရည်မှန်းချက်တာဝန်(၁၀)ရပ်နှင့် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီအတွက် လမ်းညွှန်ချက် (၇)ချက်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ဗီဒီယိုထုတ်လုပ်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ ဗီဒီယိုတိပ်ခွေ (ဗွီစီဒီ၊ ဒီဗွီဒီ) ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်းနှင့် ဗီဒီယိုပြသခြင်း (ရုံနှင့်ပြသခြင်း၊ ကာရာအိုကေခန်းမ-KTV၊ လက်ဖက်ရည်ဆိုင် ဗီဒီယိုပြသခြင်း၊ စားသောက်ဆိုင်တွင် ဗီဒီယိုပြသခြင်း) လုပ်ငန်းများ လိုင်စင်မဲ့မရှိစေရေး၊ သက်တမ်းလွန် မရှိစေရေးနှင့် သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးတို့အတွက် ကွက်ပြည့်ကွင်းဆင်းဆောင်ရွက်ရန် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ပြည်နယ်၊ တိုင်းလုပ်ငန်းစု ရုံးများနှင့် ပြည်နယ်၊ တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီများသို့ အကြောင်းကြားထားရှိကြောင်းနှင့် ကွင်းဆင်းစစ်ဆေးစဉ် လိုင်စင်မဲ့၊ သက်တမ်းလွန်နှင့် သတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်မှုမရှိပါက ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ အရေးယူသွားရန် အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညောင်ဦးမြို့ မဟာစည်သာသနာ့ရိပ်သာ ဝါတွင်းသီတင်းစဉ်တရားပွဲ

ရန်ကုန် ဇူလိုင် ၂၄

ညောင်ဦးမြို့ မဟာစည် သာသနာ့ရိပ်သာ ဝါတွင်း သီတင်းစဉ်တရားပွဲနှင့် ယွန်းတန်းဓမ္မာရုံ၊ ဒါနဘဏ်ခန်းမ ဓမ္မာရုံ တရားပွဲများကို ဝါဆိုလပြည့်ကျော် ၇ရက် (အဖိတ်နေ့) ညမှစ၍ ဥပုသ်နေ့၊ ဥပုသ်အထွက်ညများ၌ အပတ်စဉ် ဝါတွင်းသုံးလတိုင်တိုင် ဘဒ္ဒန္တကုမာရာဘိဝံသ အောင်မင်္ဂလာ သာသနာ့ရိပ်သာ တညောင်၊ ဘဒ္ဒန္တနရပတိ ဖြူးဆရာတော်၊ ဘဒ္ဒန္တဥတ္တရ ဓမ္မိကာရုံသာသနာ့ရိပ်သာ သန်လျင်မြို့၊ ဘဒ္ဒန္တသုမင်္ဂလ ခေမာဝင်းကျောင်း မြတောင်တိုက်၊ ဘဒ္ဒန္တသုဇန သဒ္ဓမ္မဂုဏ်ရည်ကျောင်း၊ ရွှေနံ့သာစံပြ ပုလဲမြို့သစ်၊ ဘဒ္ဒန္တသုဇာတ မေတ္တာအေး သာသနာ့ရိပ်သာ သင်္ဃန်းကျွန်း၊ ဘဒ္ဒန္တဝိမလ ဝါဆိုကျောင်း ကြို့ပင်ကောက်မြို့၊ ဘဒ္ဒန္တပညာစက္ကဆိပ်ခွန် မဟာစည်၊ ဘဒ္ဒန္တဝိစာရ ညောင်ကန်အေးရိပ်သာ အင်းစိန်၊ ဘဒ္ဒန္တခေမာဝံသ မဟာစည်သာသနာ့ရိပ်သာ ကျုံမငေးမြို့၊ ဘဒ္ဒန္တကောသဝ ချမ်းမြေ့ရတနာကျောင်း ဘုံကျော်တိုက် မန္တလေးမြို့၊ ဘဒ္ဒန္တဝိမလ မဟာစည်သာသနာ့ရိပ်သာ ရန်ကုန်မြို့ ဆရာတော်များက အလှည့်ကျ ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အမည်အစွဲပြု ပြည်သူ့စာကြည့်တိုက်များ ကျယ်ပြန့်တိုးပွားလာ

နေပြည်တော် ဇူလိုင် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဒေသအာဏာပိုင်အဆင့်ဆင့်၏ အားပေးကူညီမှု၊ စေတနာရှင်အလှူရှင်များ၏ ပါဝင်ဖြည့်ဆည်းမှု၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ ကူညီမှုနှင့် ဆရာတော်သံဃာတော်များ၏ ကြည့်ရှုထောက်ပံ့မှုတို့ဖြင့် ကျေးရွာတိုင်း၊ ရပ်ကွက်တိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၊ စာဖတ်အသင်းများ ပေါ်ပေါက်လာအောင်စည်းရုံးခဲ့ပြီး ယခုအခါ ကျေးရွာစာကြည့်တိုက်ပေါင်း ၅၅၇၅၅ ဖွင့်လှစ်နိုင်ခဲ့သည်။

ထိရောက်စွာ အကျိုးပြု

မတည် ထူထောင်သူ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းတည်ထောင်ပေးမှုကြောင့် အမည်အစွဲပြုသောလူထုစာကြည့်တိုက်များလည်း ခိုင်မာစွာရှင်သန်ပြီး ပြည်သူများကို ထိရောက်စွာ အကျိုးပြုနေကြသည်။ ရန်ကုန်တိုင်း သုံးခွမြို့ ဒေါ်မိန်းခလေး စာကြည့်တိုက် (သက်တမ်း အနှစ် ၅၀ ရှိသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်)၊ မွန်ပြည်နယ် သထုံမြို့နယ် ဇင်းကျိုက်မြို့ ဗညားဒလစာကြည့်တိုက်(သက်တမ်း ၁၆ နှစ်) နှင့် မကွေးတိုင်း ပခုက္ကူဦးအုံးဖေစာကြည့်တိုက် (သက်တမ်း ၁၃နှစ်) စသည်တို့သည် ဖတ်စရာ၊ မှတ်စရာ စာအုပ်ပေါင်း တစ်သောင်းခွဲမှ သုံးသောင်းကျော်အထိရှိကြသော စာကြည့်တိုက်ကြီးများပင်ဖြစ်သည်။ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရှိ ပါရဂူစာကြည့်တိုက်တွင်လည်း (သက်တမ်း သုံးနှစ်) စာအုပ်ပေါင်း ၃၀၀၀၀ကျော်ကို မည်သူမဆို အခမဲ့ဖတ်ရှုနိုင်ကြသည်။ တန်ဖိုးကြီးမားသော ရှားပါးစာအုပ်များဖြစ်သည်။

တိုးပွားလာ

မကြာမီက ရမည်းသင်းခရိုင် ကံဘဲ့ရွာသို့ မန္တလေးမြို့နေ ဦးသန်းထွဋ်က "ဦးသန်းထွဋ်စာကြည့်တိုက်" အဖြစ် တည်ဆောက်ရန် အလှူငွေကျပ် ၄စသိန်းကို ဇူလိုင် ၈ရက်က သက်ဆိုင်ရာသို့ ပေးအပ်လှူဒါန်းခဲ့သဖြင့် ၂၀၀၈ခုနှစ်အတွင်းမှာပင် ကံဘဲ့ကျေးရွာ၌ သိန်းငါးဆယ်ခန့်တန်သော ဦးသန်းထွဋ်စာကြည့်တိုက် ပေါ်ပေါက်လာတော့မည်ဖြစ်ပြီး ယခုစတင်တည်ဆောက်နေကြပြီဟု သိရှိရသည်။ အမည်အစွဲပြု လူထုစာကြည့်တိုက်များ တိုးပွားလာခြင်းသည် ပြည်သူအများအတွက် သုတရသ စာအုပ်စာပေကို အလွယ်တကူ ထိတွေ့ဖတ်ရှုရစေခြင်းဖြစ်၍ အများအတွက် အားတက်စရာ သာဓုခေါ်ဖွယ်ဖြစ်ပါသည်။

အမည်အစွဲပြု

အမည်အစွဲပြု စာကြည့်တိုက်များမှာ ဒေါ်မိန်းခလေး စာကြည့်တိုက် (သုံးခွမြို့)၊ ဗညားဒလစာကြည့်တိုက် (ဇင်းကျိုက်ရွာ၊ သထုံခရိုင်)၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် (ပခုက္ကူမြို့)၊ ဦးဥတ္တမ(ကညော်ကျေးရွာ၊ ချောင်းဆုံမြို့နယ်)၊ ကောင်းသန့်စာကြည့်တိုက်(ဥက္ကံမြို့၊ တိုက်ကြီးမြို့နယ်)၊ ဒေါက်တာချစ်မောင်စာကြည့်တိုက်(အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်)၊ ဂျာနယ်ကျော်ချစ်မောင်စာကြည့်တိုက်(အုတ်ဖိုမြို့)၊ ပီမိုးနင်းစာကြည့်တိုက် (ရွာမကျောင်း၊ သာယာဝတီမြို့နယ်)၊ အမေသန်းစာကြည့်တိုက် (လက်ပံတန်းကျေးရွာ၊ ခရမ်းမြို့)၊ ဒေါ်အမာကြည်စာကြည့်တိုက် (အကောကျေးရွာ၊ သုံးခွမြို့)၊ ဒေါက်တာနင်းစာကြည့်တိုက် (ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့)၊ ရှင်ဥတ္တမသာရစာကြည့်တိုက် (သပြေပင်ကျေးရွာ၊ မိတ္ထီလာမြို့)၊ ဦးသုခစာကြည့်တိုက်(လှည်းဆိပ်ရပ်၊ ကျိုက်လတ်မြို့)၊ ဦးထွန်းနေစာကြည့်တိုက်(မြို့သစ်ကလေးကျေးရွာ၊ ဟိုပင်မြို့)၊ ပါရဂူစာကြည့်တိုက်(ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်)၊ အောင်ဆန်းသူရိယစောမြင့်စာကြည့်တိုက်(ဘုရားကုန်းကျေးရွာ၊ ဘားအံမြို့)၊ ဦးရှင်ရစာကြည့်တိုက်(အုတ်ဖိုမြို့)၊ ဗိုလ်မှူးကြီးဘိုးကျင်စာကြည့်တိုက် (အလယ်ရွာ၊ မိတ္ထီလာမြို့)၊ ဘိုကလေးတင့်အောင်စာကြည့်တိုက် (ဘိုကလေးမြို့)၊ ဇော်ဂျီရာပြည့်စာကြည့်တိုက် (ဖျာပုံမြို့) တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် မိုးကုတ်ဝိပဿနာအေးရိပ်သာကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းခုနစ်ရက် တရားစခန်းပွဲကို ဩဂုတ်၄ရက်မှ ၁၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဦးစီးပဓာနနာယက ပြည်တွင်း ပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဆရာတော် ရွှေမန်းဦးသူရိယ အရှင်သူမြတ်က ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါး အလုပ်ပေးတရားများ ဟောကြားမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းပေးသွင်းပြီး ဩဂုတ် ၃ရက် ညနေ၅နာရီ အရောက် လာရောက်ကြရမည်ဖြစ်သည်။ **(က-ပ)**

လူနေအိမ်များဆောက်လုပ်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

လေဘေးသင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများကို နေ့စဉ်လှူဒါန်းလျက်ရှိကြပြီး ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ အလှူငွေနှင့် ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ ကနေဒါနိုင်ငံမှ စေတနာရှင်များက လေဘေးသင့်ဒေသအတွင်း လူနေအိမ်နှစ်လုံးဆောက်လုပ်ရန် အလှူငွေကျပ် ၁၂သိန်းကို လာရောက်ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၉) သီရိမင်္ဂလာလမ်း မြို့တော်ဂေါက်ကွင်းအနီး အင်းစိန်မြို့နယ်နေ ဦးသန့်ဟန်-ဒေါ်ဝင်းဏီတို့၏သမီးလေး မသန့်သစ္စာ၏ သုံးနှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးသန်းလှ လက်ခံယူစဉ်။

(က-ပ)

နာဂစ်နှင့် သဘာဝ ဝန်းကျင်အကြောင်း ဟောပြောမည်

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စီးပွားရေးနှင့် ဘာသာရပ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စနေတစ်ပတ်ခြား ပုံမှန်ကျင်းပလျက်ရှိရာ ဇူလိုင်ဒုတိယပတ်အတွက် ရေလုပ်ငန်းနှင့် ပတ်သက်၍ ပျက်စီးဆုံးရှုံးမှု များပြားခဲ့ရသော နာဂစ်နှင့် ဆက်စပ်ပြီး ဆရာဝန် စာရေးဆရာမ ဂျူးက ဇူလိုင် ၂၆ရက်**(စနေနေ့)** မွန်းလွဲ ၂နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ နာဂစ်နှင့် သဘာဝဝန်းကျင် (Nargis and Myanmar Environment) အကြောင်း ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

25-7 (03).pmd 1 7/26/2008, 2:43 AM

ဗင်နီဇွဲလားအချုပ်အခြာအာဏာခိုင်မြဲရေး ရုရှားနှင့်စစ်ရေးပူးပေါင်းရန်လိုဟု သမ္မတချာဗက်ဇ်သုံးသပ်

မော်စကို ဇူလိုင် ၂၄

ဗင်နီဇွဲလားနိုင်ငံအား အမေရိကန်၏ အန္တရာယ်မှကာကွယ်ရန် ဗင်နီဇွဲလားနိုင်ငံအနေဖြင့် ရုရှားနှင့်အရေးပါသည့် မဟာမိတ်ဖွဲ့ရန် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဖွင့်ဟပြောကြားလိုက်သည်။

ပူးပေါင်းဆောင်ရွက်

စွမ်းအင်ကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရုရှားအစိုးရနှင့် ဗင်နီဇွဲလားအစိုးရတို့ သဘောတူစဉ် ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ထုတ်ဖော်ပြောကြား

ရုရှားနိုင်ငံသို့ နှစ်ရက်ကြာ သွားရောက်လည်ပတ်စဉ် ဗင်နီဇွဲလားနိုင်ငံ၏ အချုပ်အခြာအာဏာကို အာမခံနိုင်ရေးအတွက် နှစ်နိုင်ငံရေနံနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုတို့မှာ အရေးပါကြောင်း သမ္မတချာဗက်ဇ်က ထုတ်ဖော်ပြောကြားသည်။ဗင်နီဇွဲလားနိုင်ငံ၌ ရုရှားစွမ်းအင် ကုမ္ပဏီသုံးခုသွားရောက် လုပ်ကိုင်မည်ဖြစ်ကြောင်း ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ပြောကြားသည်။ **(အင်တာနက်)**

ရုရှားနိုင်ငံ ပီထရာကမ်းခြေ၌ ကျင်းပသည့် နိုင်ငံတကာသဲရုပ်တုပွဲတော်ကို ဇူလိုင် ၂၃ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အမေရိကန်တပ်များ အီရတ်မှ ၁၆လအတွင်း ရုပ်သိမ်းမည်ဆိုမှု အိုဘားမား၏ပြိုင်ဘက် ဂျွန်မက်ကိန်း ဝေဖန်

တဲလ်အဗစ် ဇူလိုင် ၂၄

ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမားသည် အရှေ့အလယ်ပိုင်းခရီးစဉ်၏ နောက်ဆုံးခရီးထောက်အဖြစ် အစ္စရေးနှင့် ပါလက်စတိုင်းနယ်မြေများသို့ ရောက်ရှိခဲ့သည်။

တွေ့ဆုံမည်

အစ္စရေးနိုင်ငံရှိ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျူးလူမျိုးများ သန်းနှင့်ချီ၍ မီးလောင်တိုက်သွင်း အသတ်ခံရမှု အမှတ်တရနေရာသို့မသွားမီ အိုဘားမားသည် အစ္စရေးကာကွယ်ရေးဝန်ကြီး အီးဟွတ်ဘာရက်နှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်နှင့် တွေ့ဆုံမည်ဟု မျှော်လင့်ရသည်။ အိုဘားမားသည် ဂျော်ဒန်နှင့် အီရတ်သို့ ဝင်ရောက်ခဲ့ပြီး အစ္စရေးသို့ ရောက်လာခြင်းဖြစ်သည်။

ဆက်ဆံရေး

ယခုအခါ မိမိအဖို့ အရေးအကြီးဆုံးအရာမှာ အမေရိကန်နှင့် အစ္စရေးအကြား ဖြိုခွဲ၍မရနိုင်သော သမိုင်းဝင် အထူးဆက်ဆံရေးကို ဝိုင်းဝန်းထိန်းသိမ်းရန်ဖြစ်ကြောင်း အိုဘားမားက တဲလ်အဗစ်လေဆိပ်သို့ ခရီးရောက်မဆိုက် ပြောကြားသည်။

အီရတ်သို့ အမေရိကန် ကွန်ဂရက်အဖွဲ့နှင့်အတူ အိုဘားမားရောက်ခဲ့စဉ်ကလည်း သူသာသမ္မတဖြစ်လျှင် အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များကို ၁၆လအတွင်း ရုပ်သိမ်းရန်ရည်ရွယ်ကြောင်း ထပ်မံပြောကြားသည်။

ပြိုင်ဘက်ဖြစ်သူ ရီပတ်ဘလီကင် သမ္မတလောင်း ဂျွန်မက်ကိန်းကမူ တပ်ရုပ်သိမ်းရေးကို အိုဘားမားက အချိန်ကန့်သတ် ပြောကြားမှုများမှာ မှားယွင်းကြောင်း အမေရိကန်နိုင်ငံမှ ထောက်ပြဝေဖန်လိုက်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၄-၇-၂၀၀၈

မဲခေါင်ဒေသဖွံ့ဖြိုးရန်ဆောင်ရွက်

စင်ကာပူ ဇူလိုင် ၂၄

ကမ္ဘာ့စီးပွားရေးကဏ္ဍ၌ ကျဆင်းမှုများဖြစ်ပေါ်လျက်ရှိနေရာမှ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့သည် စီးပွားရေး စိန်ခေါ်မှုတစ်ရပ်အနေဖြင့် အကျိုးတူပူး ပေါင်းဆောင်ရွက်ရေး သဘောတူညီမှုကို ဇူလိုင် ၂၃ရက်က အာဆီယံနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဝန်ကြီးများ အဆင့်မြင့် တွေ့ဆုံဆွေးနွေးပွဲ၌ တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ ၄င်းဆွေးနွေးပွဲ၌ မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မဲခေါင်ဒေသရှိ အခြားသော စီးပွားရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးကိုလည်း ထည့်သွင်းပြောကြားသည်။

ချစ်ကြည်ရေးပွဲတော် ဂျကာတာ၌ကျင်းပ

ဂျကာတာ ဇူလိုင် ၂၄

အင်ဒိုနီးရှားနှင့် ဂျပန်နိုင်ငံတို့သည် နှစ်(၅၀)ပြည့် သံတမန်ဆက်ဆံရေး အထိမ်းအမှတ်အဖြစ် ဇူလိုင် ၂၁ရက်က ဂျကာတာမြို့ရှိ ဘန်ကာနိုအားကစားရုံ၌ ချစ်ကြည်ရင်းနှီးမှုပွဲတော်ကျင်းပရာ နှစ်နိုင်ငံမှ ရိုးရာယဉ်ကျေးမှုအကများဖြင့် လည်းကောင်း၊ ဂျပန်နိုင်ငံမှ ကာတွန်းပြခန်းများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်သည်။

အာဖဂန်၌ တိုက်ပွဲဖြစ်ပွား၊ ငါးဦးသေဆုံး

ကဘူးလ် ဇူလိုင် ၂၄

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန်ပြည်နယ်၌ ဇူလိုင် ၂၂ရက် ညနေပိုင်းက လူဆာကာဂါဟာဒေသရှိ စစ်ဆေးရေးဂိတ်၌ တာလီဘန်လက်နက်ကိုင်များ၏ အကြမ်းဖက်မှုကြောင့် နှစ်နာရီ တိုက်ပွဲဖြစ်ပွားရာ တာလီဘန်ငါးဦးသေဆုံးပြီး အာဖဂန်တပ်ဖွဲ့ဝင်နှင့် အခြားရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့သည်။ ယခုနှစ်အတွင်း အာဖဂန်၌ တိုက်ပွဲများ ဖြစ်ပွားရာ ၂၃၀၀ကျော် သေဆုံးခဲ့သည့်အနက် အရပ်သား၇၀၀ကျော် ပါဝင်သည်။

အယ်လ်ဂျီးရီးယား၌ ကုန်တင်ရထား လမ်းချော်

အယ်လ်ဂျီးယာ့စ် ဇူလိုင် ၂၄

အယ်လ်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း တီဘာဆာပြည်နယ်တွင် ဇူလိုင် ၂၃ ရက်က ဓာတုပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းမတော်တဆမှုတွင် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရမှုမရှိခဲ့ကြောင်း အေပီအက်စ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်၌ မိုဘိုင်းလ်ဖုန်းအသုံးပြုသူ များပြားလာ

ဒါကာ ဇူလိုင် ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း မိုဘိုင်းလ်ဖုန်းကုမ္ပဏီကြီးခြောက်ခု၌ ဇွန်လအတွင်း မိုဘိုင်းလ်ဖုန်း အသုံးပြုသူဦးရေ ၁ ဒသမ ၆၆ သန်း ထပ်မံ တိုးမြှင့်လာခဲ့ကြောင်း၊ နိုင်ငံအတွင်း လူဦးရေ ၁၄၇သန်းရှိပြီး မိုဘိုင်းလ်ဖုန်း အသုံးပြုသူ စုစုပေါင်းမှာလည်း ၄၃ ဒသမ ၇၆သန်းသို့ရောက်ရှိလာကြောင်း ဒေလီးစတားသတင်းစာက ဇူလိုင်၂၄ရက်တွင် ရေးသားဖော်ပြသည်။

ဆားတန်ချိန် ၄၃၀၀၀၀ ဗီယက်နမ် တင်သွင်းရမည်

ဟနွိုင်း ဇူလိုင် ၂၄

ဗီယက်နမ်နိုင်ငံအတွင်း ဆားထုတ်လုပ်မှု လျော့နည်းကျဆင်းလာခဲ့ရာ ယခုအချိန်မှစ၍ ၂၀၀၈ခုနှစ်ကုန်အထိ ဆားတန်ချိန် နှစ်သိန်းကျော် ထပ်မံတင်သွင်းရမည်ဖြစ်ရာ ယခုနှစ်အတွင်း စုစုပေါင်း ဆားတန်ချိန် ၄၃၀၀၀၀ကျော်တင်သွင်းရမည်ဖြစ်သည်။ ယခုနှစ်တစ်နှစ်လုံးအတွက် ဆားတန်ချိန် ၁ဒသမ၄ သန်းလိုအပ်လျက်ရှိကြောင်း၊ ပြည်တွင်းဆားထုတ်လုပ်မှုမှာ ဆားတန်ချိန် ၉၅၀၀၀၀သာထွက်ရှိသဖြင့် ပြည်ပမှ မှာယူရခြင်းဖြစ်ကြောင်း သိရသည်။

ပနားမား၌ ကိုကင်း ကီလို ၁၅၀၀ ဖမ်းဆီးရမိ

ပနားမားစီးတီး ဇူလိုင် ၂၄

ပနားမားနိုင်ငံ ပစိဖိတ်ကမ်းရိုးတန်းရှိ သင်္ဘောတစ်စင်းပေါ်မှ ပလတ်စတစ်အိတ် ၈၂ခုဖြင့် ဝှက်၍ သယ်ဆောင်လာသည့် ကိုကင်းကီလို၁၅၀၀ကို ပနားမားရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ပြီး ယင်းအမှုနှင့်ဆက်နွှယ်သည့် ပနားမားနိုင်ငံသားတစ်ဦးကိုလည်း ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။

ကမ္ဘာ့တစ်လွှား ထူးထူးခြားခြား

နှစ် ၆၀၀၀ခန့်က စောင်း



အီရန်နိုင်ငံ တီဟီရန်မြို့ အမျိုးသားပြတိုက်ရှိ စောင်းတူရိယာ တစ်ခုသည် သစ်ကြားပင်မှသစ်သားဖြင့်ပြုလုပ်ထားပြီး သုတေသနပညာရှင်များ၏ လေ့လာမှုအရ လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ခန့်က ပြုလုပ်ခဲ့သော စောင်းတူရိယာဖြစ်ပြီး ရှေးအကျဆုံး စောင်းတူရိယာ (ဝဲပုံ)ဖြစ်ကြောင်း ကမ္ဘာ့မှတ်တမ်း၌ ဇူလိုင် ၂၃ရက်က ဖော်ပြသည်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံး ငါးလိပ်ကျောက်

ကမ္ဘောဒီးယားနိုင်ငံ ကရာတီမြို့အနီး မြစ်တစ်ခုမှ ဇူလိုင် ၂၂ရက်က ဖမ်းဆီးမိခဲ့သော ငါးလိပ်ကျောက်မှာ အရှည် ၁၄ပေရှိပြီး အလေးချိန်ပေါင် ၁၁၀၀ခန့်ရှိရာ ကမ္ဘာပေါ်၌ အကြီးဆုံးငါးလိပ်ကျောက် **(အောက်ပုံ)** ဖြစ်ကြောင်း ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အင်တာနက်ဓာတ်ပုံ)**

အာဖရိကအရှေ့မြောက်ပိုင်းဒေသရှိ ပြည်သူ ၁၄ သန်းကျော် ရိက္ခာအကူအညီလိုအပ်

ဂျီနီဗာ ဇူလိုင် ၂၄

မိုးခေါင်ရေရှားမှုနှင့်တကွ စားသောက်ကုန် ဈေးနှုန်းနှင့် လောင်စာဆီဈေးနှုန်းများ အဆမတန်တက်သည့်အတွက် အာဖရိကအရှေ့မြောက်ပိုင်း ဦးချိုဒေသမှ ပြည်သူ ၁၄ သန်းကျော်မှာ စားနပ်ရိက္ခာ အကူအညီများရရန် အရေးတကြီး လိုအပ်နေကြောင်း ကုလသမဂ္ဂက သတိပေးလိုက်သည်။

လိုအပ်

အာဖရိကတိုက်ထိုဒေသတွင် စားနပ်ရိက္ခာဘေးဒုက္ခမှ ကာကွယ်ရန် ငွေကြေး ဒေါ်လာသန်း ၄၀၀ အရေးတကြီး လိုအပ်ကြောင်း ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က ကြေညာသည်။

အဆိုးရွားဆုံးနိုင်ငံမှာ အီသီယိုးပီးယားနိုင်ငံဖြစ်ပြီး လူဦးရေ၏ ၁၂ ရာခိုင်နှုန်းရှိသော ပြည်သူ ၁၀ သန်းမှာ စားနပ်ရိက္ခာ အကူအညီများ ထပ်မံလိုအပ်နေသည်။

ကင်ညာမြောက်ပိုင်း ယူဂန္ဓာနိုင်ငံတို့ကဲ့သို့ ဆိုမာလီ၊ အီရီထရီးယားနှင့် ဂျီဘူတီနိုင်ငံများမှာလည်း စားနပ်ရိက္ခာ ပြဿနာအကြီးအကျယ် ကြုံတွေ့နေရသည်။ **(အင်တာနက်)**

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး /လေ အခြေအနေ

ဟောင်ကောင် ဇူလိုင် ၂၄

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇူလိုင် ၂၄ ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်း ထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၄°C	တိမ်ထူထပ်
တောင်ကိုရီးယား	ဆိုးလ်	၂၇°C	မိုးရွာ
ဂျပန်	တိုကျို	၃၂°C	တိမ်ထူထပ်
ဖိလစ်ပိုင်	မနီလာ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
ဗီယက်နမ်	ဟနွိုင်း	၃၄°C	မိုးရွာ
ထိုင်း	ဗန်ကောက်	၃၅°C	လေပြင်းတိုက်၊ မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
စင်ကာပူ	စင်ကာပူ	၃၂°C	လေပြင်းတိုက်၊ မိုးရွာ
အိန္ဒိယ	မွမ်ဘိုင်း	၃၁°C	မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၅°C	သာယာ
အင်ဒိုနီးရှား	ဂျကာတာ	၃၃°C	တိမ်ထူထပ်
ဩစတြေးလျ	ဆစ်ဒနီ	၁၆°C	မိုးရွာ

(အင်တာနက်)

အီရန်၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်သမျှ တစ်ဆံခြည်မျှ နောက်မဆုတ်ဟု သမ္မတအီနီဂျက် ပြောကြား

တီဟီရန် ဇူလိုင် ၂၄

အီရန်နိုင်ငံက မိမိတို့၏နျူကလီးယား အစီအစဉ်နှင့်စပ်လျဉ်း၍ တစ်ဆံခြည်မျှ နောက်ဆုတ်ပေးမည်မဟုတ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ဇူလိုင် ၂၃ရက်က ပြောကြားလိုက်သည်။

ပြောကြား

အီရန်နိုင်ငံ၏ ယူရေနီယံ သန့်စင်ရေးလုပ်ငန်းကို အဆုံးသတ်ရန် နောက်ဆုံးတောင်းဆိုပြီးနောက် အီရန်သမ္မတက အထက်ပါအတိုင်း တုံ့ပြန်ပြောကြားလိုက်ခြင်း ဖြစ်သည်။

အမေရိကန်၊ အီးယူနှင့် ကုလသမဂ္ဂ သံတမန်များက ယူရေနီယံသန့်စင်မှုရပ်တန့်ရန်၊ ၎င်းတို့၏ တောင်းဆိုချက်ကို ရက်သတ္တနှစ်ပတ်အတွင်း အဖြေပေးရန် အီရန်အား ပြောကြားထားသည်။ ထိုသို့ သတ်မှတ်ချိန်အမီ အဖြေမပေးလျှင် ထပ်မံအရေးယူ ပိတ်ဆို့ရလိမ့်မည်ဟုလည်း ပြောကြားထားသည်။ အီရန်ပြည်သူများသည် တည်ကြည်ခိုင်မာကြကြောင်း သမ္မတမာမွတ်အာမက်ဒီနီဂျက်က ထည့်သွင်းပြောကြားသည်။

စိုးရိမ်နေ

အီရန်က နျူကလီးယား လက်နက်ထုတ်လုပ်မည်ကို အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက စိုးရိမ်နေကြသည်။ အီရန်အစိုးရကမူ အီရန်၏ နျူကလီးယား အစီအစဉ်မှာ ငြိမ်းချမ်းရေးသက်သက်အတွက်ဖြစ်ကြောင်း ပြောကြားနေဆဲဖြစ်သည်။ **(အင်တာနက်)**

သခွားမွှေးကို ပုံမှန်စားသုံးလျှင် အစာအိမ်ရောဂါများ ကာကွယ်နိုင်

သခွားမွှေးသည် အရည်ရွှမ်းသော သစ်သီးမျိုးတွင်ပါဝင်သည်။ ပူနွေးစွတ်စိုသော ရာသီဥတုတွင် စိုက်ပျိုးဖြစ်ထွန်းပြီး အရှေ့အလယ်ပိုင်းနှင့် အာရှဒေသ၌ စားသုံးမှုများပြားသော သစ်သီးတစ်မျိုးဖြစ်သည်။

ပါဝင်

သခွားမွှေးတွင် ရေဓာတ်၊ ကယ်လိုရီ၊ ပရိုတိန်း၊ ကာဗိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ ဂလူးကို့စ်တို့ ပါဝင်သည့်အပြင် ကယ်လ်ဆီယမ်၊ သံဓာတ်၊ မဂ္ဂနီစီ၊ ဖော့စပရပ်စ်၊ ပိုတက်ဆီယမ်၊ ဆိုဒီယမ်၊ သွပ်ဓာတ်၊ ဗီတာမင်စီ၊ ဗီတာမင်ဘီ-၆၊ ဗီတာမင်ဘီ-၁၂၊ ဗီတာမင်အေ၊ ဗီတာမင်အီးနှင့် ဗီတာမင်ကေတို့ ပါဝင်ကြသည်။

သခွားမွှေးကို သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ခန့် စားသုံးသွားပါက အစာအိမ်ရောဂါနှင့် ကျောက်ကပ်ရောဂါဖြစ်ပွားမှုများကို လျှော့ကျသက်သာစေကြောင်း တွေ့ရှိရသည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အကာအကွယ်ပေး

ထို့အပြင် သခွားမွှေးကို ဖျော်ရည်အဖြစ် သောက်သုံးပါက နှလုံးကျန်းမာရေးကို အထောက်အကူပြုသဖြင့် နှလုံးရောဂါ ရုတ်တရက်တိုက်ခိုက်ခြင်းမှလည်း အကာအကွယ် ပေးနိုင်စွမ်းရှိကြောင်း သိရသည်။

အင်တာနက် ကျန်းမာရေး

လမ်းဘေးဗုံးခွဲတိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော် အရှေ့ဘက် နာဂါဟာပြည်နယ်တွင် လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် ရဲကားတစ်စီးကို ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

လန်ဒန် ဇူလိုင် ၂၄

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဇူလိုင် ၂၂ရက်က ဗြိတိသျှတပ်ဖွဲ့ဝင်များ ပုံမှန်ကင်းလှည့်စစ်ဆေးနေစဉ် တိုက်ခိုက်မှုများဖြစ်ပွားရာ ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၂၃ရက်၌ သတင်းထုတ်ပြန်သည်။

သေဆုံး

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟဲလ်မန့်ပြည်နယ်တွင် ကင်းလှည့်စစ်ဆေးစဉ် ချုံခိုတိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း၊ ၂၀၀၁ ခုနှစ် နိုဝင်ဘာလမှ စတင်၍ ယခုအချိန်အထိ အာဖဂန်နစ္စတန်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်အရေအတွက်မှာ ၁၁၁ဦး ရှိသွားပြီ ဖြစ်သည်။

တပ်ဖြန့်ချထား

လက်ရှိအချိန်တွင် အာဖဂန်နစ္စတန်နိုင်ငံအတွင်း တပ်ဖြန့်ချထားသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေမှာ ၇၈၀၀ကျော်ရှိကြောင်း သိရသည်။

(အင်တာနက်)

ဘဝအမောပြေ

လက်ထပ်ရမှာပါ . . .

အိမ်ထောင်ပြုချင်နေသော လူပျိုကြီးတစ်ဦးက စုပေါင်းကွန်ပျူတာထံ သွားရောက်မေးမြန်းလေသည်။

လူပျိုကြီး	။ ။	ဖူးစာဖက်ရှာပေးပါဦး။
စုပေါင်းကွန်ပျူတာ	။ ။	ရပါတယ်…
လူပျိုကြီး	။ ။	အရမ်းချောပြီး ကျက်သရေလည်းရှိမယ့် အမျိုးသမီးနဲ့ အိမ်ထောင်ပြုချင်လို့ပါ။
စုပေါင်းကွန်ပျူတာ	။ ။	ရပါတယ်။
လူပျိုကြီး	။ ။	အဲဒီလို အမျိုးသမီးနဲ့ဆို တစ်သက်လုံးမခွဲဘဲ လက်တွဲသွားမှာပါ။
စုပေါင်းကွန်ပျူတာ	။ ။	စိတ်ချ လက်တွဲသွားရမှာ သေချာပါတယ်။
လူပျိုကြီး	။ ။	ဝမ်းသာလိုက်တာ…
စုပေါင်းကွန်ပျူတာ	။ ။	ဒါပေမယ့်… အဲဒီအမျိုးသမီး အသက်က ၇၀နော်။
လူပျိုကြီး	။ ။	"ဗျာ"

၂၀၁၀ပြည့်နှစ် ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲသို့ နိုင်ငံပေါင်း ၂၁၁နိုင်ငံမှ ပါဝင်ပြသကြမည်

ရှန်ဟိုင်း ဇူလိုင် ၂၄

လာမည့် ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲသို့ နိုင်ငံပေါင်း ၂၁၁နိုင်ငံမှ ထုတ်ကုန်ပစ္စည်းများ လာရောက်ပြသကြမည်ဖြစ်ကြောင်း ဇူလိုင်၂၃ရက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ ကျင်းပရေး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ခေတ်မီဝန်ဆောင်မှုနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်ရွယ်က ကမ္ဘာ့ကုန်စည်ပြပွဲကို လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကုန်စည်ပြပွဲမှနေ၍ ရှန်ဟိုင်းမြို့တော်အား ပိုမိုအဆင့်မီသည့် ခေတ်မီစက်မှုလုပ်ငန်းမြို့တော် အဖြစ်သို့ ရောက်ရှိအောင် ကူညီပံ့ပိုးပေးနိုင်မှာဖြစ်ကြောင်း ကုန်စည်ပြပွဲကျင်းပမှု ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူး ချန်ဇီကျန်းက ပြောကြားသည်။

ပါဝင်ပြသ

အဆိုပါ ကုန်စည်ပြပွဲကို ၂၀၁၀ ပြည့်နှစ် မေ ၁ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းပြပွဲ၌ စီးပွားရေးလုပ်ငန်းပြကွက်များ၊ ယဉ်ကျေးမှုဆိုင်ရာ ပြကွက်များ၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု ပြကွက်များ အစရှိသည့် ပြကွက်မျိုးစုံတို့ကို နိုင်ငံတကာမှ ပါဝင်ပြသကြမည်ဖြစ်သည်။

(အင်တာနက်)

နေစွမ်းအင်သုံး မက်ဘွတ်ခ်

လန်ဒန် ဇူလိုင် ၂၄

ပါးလွှာပြီး သယ်ယူရလွယ်ကူသည့် မက်ဘွတ်ခ်အမျိုးအစားသစ်ကို အက်ပဲလ်ကုမ္ပဏီက တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ဇူလိုင် ၂၂ရက်က သတင်းထုတ်ပြန်သည်။

သယ်ဆောင်ရလွယ်ကူ

ယခုအသစ် ထုတ်လုပ်လိုက်သည့် မက်ဘွတ်ခ်သည် ယခင်ကထုတ်လုပ်ခဲ့သော မက်ဘွတ်ခ်များထက် အရွယ်အစားသေးငယ်ပြီး သယ်ဆောင်ရလွယ်ကူသည်။ အရွယ်အစားမှာ အလျား ၁၀လက်မခွဲနှင့် အနံ ငါးလက်မခန့်သာရှိပြီး အထူမှာ တစ်လက်မခန့်သာရှိသည်။

ဖြည့်တင်းအသုံးပြုနိုင်

အဆိုပါ မက်ဘွတ်ခ်အသစ်သည် နေစွမ်းအင်ကို အသုံးပြုထားခြင်းဖြစ်ပြီး အခြားစွမ်းအင်အစားထိုး ဘက်ထရီများ ထည့်သွင်းအသုံးပြုရန် မလိုအပ်ကြောင်း သိရသည်။ နေစွမ်းအင်ကို ဖြည့်တင်းအသုံးပြုနိုင်သဖြင့် တစ်ဆက်တည်း ငါးနာရီကြာ အသုံးပြု၍ရပြီး ဝန်ဆောင်မှုများလည်း အပြည့်အဝပေးစွမ်းနိုင်သည်။

ကြည့်ရှုနိုင်

ယခုမက်ဘွတ်ခ်သည် သတင်းဓာတ်ပုံများကို စုစည်းနိုင်ခြင်း၊ ဓာတ်ပုံများကို ပုံပြင်ဆင်မှုပြုလုပ်နိုင်ခြင်း၊ မိတ္တူထုတ်ယူနိုင်ခြင်း၊ အင်တာနက်ကြည့်ရှုနိုင်ခြင်း၊ သတင်းအချက်အလက်များကို လုံခြုံစွာ သိမ်းဆည်းထားနိုင်ခြင်း၊ အချိန်တိုအတွင်း ထုတ်ယူဖွင့်ကြည့်နိုင်ခြင်း၊ ရုပ်သံအစီအစဉ်များကိုလည်း ကြည့်ရှုနိုင်ခြင်း စသည့် ဝန်ဆောင်မှုများကို အပြည့်အဝ ပေးစွမ်းနိုင်ကြောင်းသိရသည်။ **(အင်တာနက်)**

နည်းပညာသိပွဲ

ဆိုမာလီယာကမ်းရိုးတန်း၌ သင်္ဘောအပိုင်စီးမှုဖြစ်ပွား

မိုဂါဒစ်ရှူး ဇူလိုင် ၂၄

ဆိုမာလီယာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ပင်လယ်ဆိပ်ကမ်းမြို့၌ ဂျပန်နိုင်ငံရေကြောင်းသင်္ဘောလုပ်ငန်း(အမ်အမ်အက်စ်) ကုမ္ပဏီပိုင်သွပ်များ တင်ဆောင်လာသည့် သယ်ယူပို့ဆောင်ရေးသင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက အပိုင်စီးသိမ်းပိုက်ခဲ့ကြောင်း၊ အဆိုပါ သင်္ဘောပေါ်၌ သင်္ဘောသား ၁၈ ဦး ပါရှိကြောင်း ဇူလိုင် ၂၃ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။ ယခုနှစ်အတွင်း ၎င်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် သင်္ဘော၂၅စင်း တိုက်ခိုက်ခံရပြီးဖြစ်ရာ ယခင်လအတွင်းက ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ပင်လယ်ဓားပြများ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်မှု တစ်ရပ် ပြုလုပ်ခဲ့သည်။

(အင်တာနက်)

နိုင်ငံတကာသတင်း
စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် မွေးမြူထားသည့် ခြင်္သေ့ဖြူလေးသုံးကောင်အား တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးဝန်ထမ်းများက နို့တိုက်ကျွေးလျက်ရှိသည်ကို ဇူလိုင် ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိုင်တီကိုစိတ်ဝင်စားသည့်လူငယ်များ အကျိုးရှိစေမည့်ဟောပြောပွဲ

ကွန်ပျူတာပညာရှင်များ၏ စေတနာ စကားသံများ

တွေ့ဆုံမေးမြန်း-မိုးမြင့်လင်းလက်၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်

ရန်ကုန် ဇူလိုင် ၂၄

အချိန်အဟုန်နှင့် ပြောင်းလဲတိုးတက်လာသော ယနေ့ အိုင်တီနည်းပညာခေတ်ကား အချိန်နှင့်အမျှ ဆန်းသစ်မှုများ ပေါ်ထွက်နေသည်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတွင် အိုင်တီနည်းပညာများအသုံးပြုမှု ရှေ့တန်းရောက်လာပြီဖြစ်ရာ လူငယ်တိုင်း အိုင်တီနည်းပညာရပ်အပေါ် စိတ်ဝင်စားမှုများလာသည်။

ဆက်သွယ်ရေးနည်းပညာ

အိုင်တီနည်းပညာရပ်အပေါ် စိတ်ဝင်စားမှုများလာသည့် လူငယ်များအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရန် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (အမ်စီပီအေ)က ကြီးမှူးပြီး Myanmar Professionals Education Centre (အမ်ပီအီးစီ)၏ ကူညီပံ့ပိုးမှုဖြင့် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်အဆောက်အအုံ အခန်း၂၀၅ ၌ ဇူလိုင် ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီ၌ ဟောပြောပွဲကျင်းပမည်ဖြစ်ရာ ဟောပြောဆွေးနွေးမည့် ပညာရှင်များအား မြန်မာ့အလင်းက သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်။

"ပရိုဂရမ် ဘယ်လိုရေးရမလဲ ဆိုတာ ဆွေးနွေးသွားမှာပါ"
ဦးဝင်းထိန်ဝင်း
အမှုဆောင် (မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း)

ဟောပြော ဆွေးနွေးပွဲ၌ ပါဝင်ဆွေးနွေးမည့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူးနှင့် Biz Soft ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးလည်း ဖြစ်သည့် ဦးရဲရင့်ဝင်းက "ပုံမှန်ဉာဏ်ရည်သွေးရှိတဲ့ လူငယ်တွေတောင် ကွန်ပျူတာပညာရှင်ဖြစ်နိုင်ရင် အခြေခံပညာတတ်ကျွမ်းသူတွေ ပိုပြီးဖြစ်နိုင်တယ်ဆိုတဲ့အကြောင်း၊ ဆော့ဖ်ဝဲအင်ဂျင်နီယာ၊ ဆော့ဖ်ဝဲ ကျွမ်းကျင်သူတွေဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာတွေ၊ ဆော့ဖ်ဝဲ ကျွမ်းကျင်သူတစ်ယောက် ဖြစ်လာအောင် အချိန်တွေ အများကြီး မြှုပ်နှံထားစရာ မလိုဘဲ နှစ်ကာလတို အပိုင်းအခြားတစ်ခုမှာတင် စိတ်ဝင်စားမှုအပေါ် မူတည်ပြီး ဖြစ်သွားနိုင်တယ်ဆိုတဲ့ အကြောင်းတွေကို အပြန်အလှန် ဆွေးနွေးဖြေကြားပေးသွားမှာပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အခြေခံကျကျ

အိုင်တီနည်းပညာ နယ်ပယ်တွင် စိတ်ဝင်စားစွာ ရှင်သန်နိုင်ရန်အတွက် အိုင်တီနည်းပညာ လေ့လာလိုက်စားမှုတွင် အခြေခံကျကျ နားလည်သိကျွမ်းနိုင်ရန် လိုအပ်သည်ဖြစ်ရာ ယခု ပြုလုပ်မည့် ဟောပြောပွဲမှာ တက်ရောက်လာသူများနှင့် ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်မေးနိုင် ဆွေးနွေးနိုင်ကြမည် ဖြစ်သည်။

"အပြန်အလှန်ဆွေးနွေး ဖြေကြားပေးသွားမှာပါ"
ဦးရဲရင့်ဝင်း
တွဲဖက်အတွင်းရေးမှူး (မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း)

ထို့နောက် ဟောပြောပွဲ၌ ပါဝင်ဆွေးနွေးမည့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အမှုဆောင်နှင့် Integra ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦး ဖြစ်သည့် ဦးထွန်းခိုင်ကလည်း "အိုင်တီပညာနဲ့ အသက်မွေးဝမ်းကျောင်း ပြုလုပ်ရင် ဘာတွေ တတ်ထားရမယ်။ စာတွေ့ထက် လက်တွေ့နယ်ပယ်မှာ ဘယ်လိုလေ့ကျင့်လေ့လာမှုတွေ လိုအပ်တယ်ဆိုတာတွေအပြင် နည်းပညာအပေါ် အားကိုးမှု မလွန်စေဖို့အတွက်နဲ့ နောက်ဆုံးပေါ်နည်းပညာတွေ အသုံးပြုပြီး ရလဒ်မထွက်နိုင်ဘဲ လည်နေတတ်တာတွေကိုလည်း ဆွေးနွေးပေးသွားမှာပါ။ ရှိတဲ့ ဆော့ဖ်ဝဲတွေနဲ့ ပြဿနာကို ဖြေရှင်းပေးနိုင်မှုတွေအပြင် နည်းပညာဆိုတာ အခြေအနေနဲ့ အချိန်အခါရွေးပြီး အသုံးပြုတတ်ဖို့ လိုတယ်ဆိုတဲ့အကြောင်းတွေကိုပါ တက်ရောက်လာသူတွေနဲ့ အပြန်အလှန် မေးခွန်းတွေ၊ ဖြေကြားမှုတွေ သဘောနဲ့ ဆွေးနွေးသွားမှာပါ"ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

ဆွေးနွေးကြမည်

ဟောပြောပွဲ၌ ကွန်ပျူတာပရိုဂရမ်ရေးသားနိုင်အောင် မည်သို့လေ့လာသင့်သည်၊လူငယ်တွေကို အိုင်တီနှင့်ပတ်သက်ပြီး Professional Developer တစ်ဦး ဖြစ်လာရန် မည်သို့ ပြင်ဆင်သင့်သည်များကို ဆွေးနွေးပေးကြမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းအမှုဆောင်နှင့် Myanmar Information Technology (MIT) မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးနေလင်းသန်းကလည်း "ကွန်ပျူတာ Professional Developer တစ်ဦးရဲ့ အနေအထားက ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေနဲ့ မတူပါဘူး၊ လိုက်နာရမယ့် စည်းကမ်းချက်တွေ ရှိတယ်။ ကျွမ်းကျင်မှုနယ်ပယ်အလိုက် ပုံစံအမျိုးမျိုးနဲ့ ရှင်သန်ရတဲ့ အခြေအနေတွေ ရှိပါတယ်။ အလုပ်လာအပ်တဲ့သူ တစ်ဦးကို သူရဲ့လုပ်ငန်းတွေ ဘယ်လိုတိုးတက်အောင်၊ ကိုယ်တတ်ကျွမ်းတဲ့ အိုင်တီနည်းပညာနဲ့ ဘယ်လို ပိုမိုကောင်းမွန်အောင် ဖြည့်စွက်လုပ်ဆောင်ပေးမလဲ ဆိုတာတွေကိုလည်း ဆွေးနွေးသွားမှာပါ။ အလုပ်တွေ အချိန်မီမီနဲ့ အရည်အသွေးရှိရှိ ပြီးမြောက်ဖို့ဆိုတာတွေ လိုအပ်တာမို့ အိုင်တီလုပ်ငန်းမှာ Professional Developer တစ်ဦးအဖြစ် ရပ်တည်နိုင်ဖို့ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာတွေကို ဆွေးနွေးကြမှာပါ"ဟု ဖြေကြားသွားသည်။

အိုင်တီပညာ

ထို့အပြင် ဟောပြောပွဲ၌ ပါဝင်ဆွေးနွေးမည့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အမှုဆောင်နှင့် Gusto ကုမ္ပဏီမှ တာဝန်ရှိသူ ဦးဝင်းထိန်ဝင်းကလည်း "ပရိုဂရမ်ရေးတာဘာလဲ၊ အပြင်လောကမှာဖြစ်နေတဲ့ စီးပွားရေး၊ ကျန်းမာရေး၊ စူပါမားကတ်တွေ စတဲ့ လုပ်ငန်းတွေကို အိုင်တီပညာရပ်နဲ့ ဘယ်လိုဖြေရှင်းပေးမလဲ၊ အချိန်ကုန်သက်သာပြီး မှန်ကန်တဲ့ ရလဒ်တွေ သိရှိနိုင်ဖို့၊ ဖြေရှင်းနိုင်ဖို့ဆိုတာတွေကြောင့် ဆော့ဖ်ဝဲတွေ ရေးလာရပြီး အိုင်တီပညာ ရှေ့တန်းရောက်လာတာပေါ့။ အခု လူငယ်တွေက ဘယ်လိုလုပ်မလဲဆိုတာကိုပဲ စိတ်ဝင်စားနေကြတယ်။ တကယ်က ဘာကြောင့် ဘာကိုလုပ်ရမလဲဆိုတာက အရေးကြီးတာပါ။ ဒါတွေကို ဆွေးနွေးသွားမှာပါ"ဟု ဖြေကြားသွားသည်။

"အိုင်တီနည်းပညာနဲ့ ဘယ်လို ပိုမိုကောင်းမွန်အောင် ဖြည့်စွက်လုပ်ဆောင်ပေးမလဲဆိုတာတွေကိုလည်း ဆွေးနွေးသွားမှာပါ"
ဦးနေလင်းသန်း
အမှုဆောင် (မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း)

အိုင်တီနည်းပညာ လိုက်စားလေ့လာသူတွေအတွက် မှန်ကန်သော ချဉ်းကပ်လေ့လာမှုသည် အရေးကြီးကြောင်း သိရသည်။ ထို့နောက် ဟောပြောပွဲ၌ ပါဝင်ဆွေးနွေးမည့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အမှုဆောင်နှင့် MIT မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးဇော်မိုးထွန်းကလည်း "ဆော့ဖ်ဝဲ Developer တစ်ဦးဖြစ်အောင် နှစ်အများကြီး မလိုပါဘူး၊ လူငယ်တွေထဲမှာ ဒီပညာရပ်ကို စိတ်ဝင်စားသူတွေအများကြီး ရှိနေပါတယ်။ ပြည်တွင်း ဆော့ဖ်ဝဲလုပ်ငန်းမှာ လူငယ်အင်အားတွေ လိုနေပါသေးတယ်။ ဒီခေတ်မှာ အိုင်တီလုပ်ငန်းဟာ မီးခိုးလုံးဝမထွက်တဲ့ စီးပွားရေးလုပ်ငန်းဖြစ်တာမို့ ဒီလောကကို လူငယ်တွေ ဝင်လာနိုင်ဖို့ အခက်အခဲ သိပ်မရှိနိုင်ဘူးဆိုတာတွေ ဆွေးနွေးသွားမှာပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အကျိုးကျေးဇူး

ထို့ကြောင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းအနေဖြင့် လူငယ်များ အိုင်တီကျွမ်းကျင်သူဖြစ်ရန်၊ အိုင်တီပညာ ပြန့်ပွားရန်၊ အိုင်တီပညာရပ် ဖွံ့ဖြိုးတိုးတက်ပြီး လူငယ်များ အိုင်တီပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်ကြရန် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများနှင့် ဟောပြောပွဲများ မပြတ်တမ်း ပြုလုပ်လျက်ရှိရာ ယခုဟောပြောပွဲမှာလည်း လူငယ်များအတွက် အကျိုးကျေးဇူး များစွာဖြစ်စေမည့် ဟောပြောဆွေးနွေးပွဲတစ်ရပ်ဖြစ်မည်မှာ သေချာသဖြင့် တက်ရောက် လေ့လာသင့်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

"နောက်ဆုံးပေါ် နည်းပညာတွေလည်း ထည့်သွင်း ဆွေးနွေးပေးသွားမှာပါ"
ဦးထွန်းခိုင်
အမှုဆောင် (မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း)

"အိုင်တီလောကကို လူငယ်တွေ ဝင်လာနိုင်ဖို့ အခက်အခဲမရှိနိုင်ဘူး ဆိုတာတွေလည်း ဆွေးနွေးသွားမှာပါ"
ဦးဇော်မိုးထွန်း
အမှုဆောင် (မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း)

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ ပြုလုပ်မည့် ဆွေးနွေးပွဲများနှင့်အကြောင်းအရာ

Date & Time	Topic
27 July (Sun), 9-12 AM	How to prepare to become a Professional Developer
2 Aug (Sat), 1-4 PM	ITPEC
9 Aug (Sat), 1-4 PM	Cyber Threats
23 Aug (Sat), 1-4 PM	Database
6 Sep (Sat), 1-4 PM	PC based Control System
20 Sep (Sat), 1-4 PM	IP Security

စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဂေါပကအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၄ရက်က ကျင်းပရာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေစဉ်။ (၁၀၃)

ပခုက္ကူဦးအုံးဖေ စာပေဆုများယှဉ်ပြိုင်ရန် ဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၂၄

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့ လွှဲအပ်လှူဒါန်းသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ၁၉၉၃ခုနှစ်မှစပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ ဆုများ နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၂၀၀၈ခုနှစ်အတွက် ၂၀၀၉ခုနှစ် နှစ်ဦးတွင်ချီးမြှင့်မည့် (၁၆)ကြိမ်မြောက် ပခုက္ကူဦးအုံးဖေစာပေဆုပြိုင်ပွဲသို့ စာမူများ ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ် နိုးဆော်လျက်ရှိသည်။

ရွေးချယ်

ပခုက္ကူဦးအုံးဖေ စာမူဆုပြိုင်ပွဲတွင် ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေဟူ၍ ပြိုင်ပွဲဝင် စာမူဘာသာရပ် ငါးမျိုးတွင် နှစ်စဉ်နှစ်တိုင်းကဲ့သို့ ပထမ၊ ဒုတိယ၊ တတိယဆုများ ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

တင်သွင်း

ပြိုင်ပွဲဝင်စာမူများ နောက်ဆုံးတင်သွင်းရက်ကို ၂၀၀၈ခုနှစ် စက်တင်ဘာ ၃၀ရက်အထိ သတ်မှတ်ထားပြီး ပြိုင်ပွဲဝင် စာမူပုံစံများကို စာပေဗိမာန်အဖွဲ့ စာတည်းဌာနတွင် ငွေကျပ် ၁၀၀ (ကျပ်တစ်ရာတိတိ)ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှ မှာယူလိုသူများသည် ငွေကျပ် ၂၀၀ (ကျပ်နှစ်ရာတိတိ)ကို ငွေသားဖြင့် ပေးပို့မှာယူနိုင်ကြောင်း သိရသည်။ စာမူများကို ပခုက္ကူဦးအုံးဖေစာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့၊ အတွင်းရေးမှူး၊ စာတည်းမှူးချုပ်နှင့် ၅၂၉ ကုန်သည်လမ်း စာပေဗိမာန်သို့ စာမူတင်သွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျပန်နိုင်ငံကို ဗဟိုပြု၍ အင်အားပြင်းငလျင်လှုပ်

နေပြည်တော် ဇူလိုင် ၂၄

၂၀၀၈ခုနှစ် ဇူလိုင် ၂၃ရက် မြန်မာစံတော်ချိန် ည ၁၀နာရီ ၀၇မိနစ် ၃၅စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၃၀၀၀ခန့်ကွာဝေးသောနေရာ (ဂျပန်နိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဆေးတက္ကသိုလ်ပညာသင်ဆုများ လျှောက်ထားနိုင်

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၈ခုနှစ် မတ်လတွင်ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး ဆေးတက္ကသိုလ်သို့ တက်ရောက်ရန် အဆင့်မီသူများအနက် ဆင်းရဲနွမ်းပါး၍ ဆေးပညာဆက်လက်ဆည်းပူးရန် အမှန်တကယ် အခက်အခဲရှိသောသူများအနေဖြင့် ရာဇာလင်း ဆေးတက္ကသိုလ်ပညာသင်ဆု လျှောက်ထားနိုင်သည်။

ပညာဒါနအလှူရှင်များမှာ ရန်ကုန်မြို့နေ ဦးအေးကျော်-ဒေါ်အေးအေးမြင့် ရာဇာလင်း မိသားစုတို့ ဖြစ်သည်။ လျှောက်ထားခွင့်ရှိသူများမှာ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ မန္တလေး ဆေးတက္ကသိုလ်နှင့် မကွေး ဆေးတက္ကသိုလ်များသို့ ပထမနှစ် သင်တန်းတက်ရောက်ခွင့်ရရှိသူများ ဖြစ်သည်။

နောက်ဆုံးထား

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပထမနှစ် သင်တန်းမှစ၍ ပညာသင်နှစ် တစ်နှစ်လျှင် လေးဦးစီကို ဘွဲ့ရသည်အထိ နှစ်စဉ် ပညာဒါနပြုသွားမည်ဖြစ်ပြီး ပညာသင်ဆု ရလိုသူများသည် ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြထားသော မိမိကိုယ်တိုင်ရေး လျှောက်လွှာဖြင့် အမှတ် ၅၀ ကန်ရိပ်သာ ၃ လမ်း Finger Lake, F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့သို့ စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ခုနှစ် ဇူလိုင်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၇-၇-၂၀၀၈)ရက်နေ့

၂၀၀၈ခုနှစ် ဩဂုတ်လအတွက်
(၁၀-၈-၂၀၀၈)ရက်နေ့
နှင့်
(၃၁-၈-၂၀၀၈)ရက်နေ့

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် ၉/၁၀ ရပ်ကွက်လုံးဆိုင်ရာ သုခကာရီ ဓမ္မာရုံတွင် (၁၄) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဆောက်လုပ်ပြီးသည့် ရေစင်လွှဲပြောင်းလှူဒါန်းခြင်း အခမ်းအနားကို အဆိုပါဓမ္မာရုံ၌ ဇူလိုင် ၁၇ရက်က ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တအာဒိစ္စအား သင်္ကန်းများဆက်ကပ်လှူဒါန်းပြီး ရေစင်အလှူရှင်ရှေ့နေချုပ်ရုံး (ညွှန်/မှူး၊ ငြိမ်း) ဦးမောင်မောင်လှ-ဒေါ်နွဲ့နွဲ့ဝင်းမိသားစုက စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ရာ ဥက္ကဋ္ဌဦးမြင့်စိုးက လက်ခံယူစဉ်။ (က-ပ)

ရွှေစည်းခုံစေတီတော် ရွှေသင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂၄

ညောင်ဦးမြို့ သမိုင်းဝင်ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော်များကို ဒေသဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်တို့၏ ပံ့ပိုးကူညီမှုဖြင့် စေတီတော်ကြီး ဂေါပကအဖွဲ့က စေတီတော်ကြီးငှက်ပျောဖူးထိပ်မှ ရွှေသင်္ကန်းတော်များ စတင်ကပ်လှူလျက်ရှိရာ**(ယာပုံ)** ယခုအခါ ကြေးဂူတိုက်များ၊ ခြင်္သေ့များနှင့် ဖောင်းရစ်တော်များအထိ ပြီးစီးပြီဖြစ်၍ ခေါင်းလောင်းတော်မှ ပစ္စယာအဆင့်ဆင့် (ဖိနပ်တော်အထိ) တန်ဆောင်မုန်းလဆန်းအပြီး ဆက်လက်ကပ်လှူမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း-၀၆၁-၆၀၂၆၁၊ညောင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း-၀၆၁-၆၀၃၆၇၊ ဥက္ကဋ္ဌ ရွှေစည်းခုံဂေါပကအဖွဲ့ ညောင်ဦးမြို့ ဖုန်း-၀၆၁-၆၀၈၂၅၊ ၀၉-၂၀-၄၃၉၀၉နှင့် ဦးစိုးဝင်း(စဥ္စကူစိုးဝင်း)၊ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ စုပေါင်းရုံးဝင်း အင်းစိန်မြို့ ဖုန်း-၆၄၂၈၅၈၊ ၆၄၃၈၂၆(အိမ်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်သူများသန့်ရှင်းသော ရေကောင်းရေသန့် ရရှိရေးအထူးဂရုစိုက် ရေပိုက်လိုင်းများပုံမှန်စစ်ဆေး၊ ရပ်ကွက်အလိုက် စနစ်တကျဖြန့်ဖြူး

ရန်ကုန် ဇူလိုင် ၂၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇူလိုင်၂၀ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ အောင်ဆန်းသူရိယလှသောင်း ဘောလုံးကွင်းရှိ ပြန်လည်ထူထောင်ရေး ဗဟိုကွပ်ကဲရေးစခန်း၌ ကျင်းပသော လေဘေးသင့်ပြည်သူများအတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မလေးရှားနိုင်ငံ အခြေစိုက် SBM OFFSHORE ကုမ္ပဏီမှလှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးသည်။

ဆက်ကပ်လှူဒါန်း

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဆူးကလပ်ကျေးရွာအုပ်စုရှိ ဝေနေယျသုခကျောင်းတိုက်၌ ဆူးကလပ်ကျေးရွာအုပ်စု အတွင်းရှိ ဝါဆိုသံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီးသည် အဆိုပါကျောင်း၌ ကျင်းပသော ဆူးကလပ်ကျေးရွာအုပ်စု အနီးပတ်ဝန်းကျင်မှ ကျေးရွာပေါင်းခြောက်ရွာရှိ လေဘေးသင့်အိမ်ထောင်စု ၄၇၇စုတို့အား အလှူရှင်များ လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အဝတ်အထည်၊ အစားအစာများ၊ ဆေးမျိုးစုံနှင့် အိမ်သုံးပစ္စည်းများ၊ အေးရှားဝေါလ်ကုမ္ပဏီမှ လှူဒါန်းသည့် ဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်း လှူဒါန်းပွဲသို့ တက်ရောက်အားပေးပြီး လေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

အထူးဂရုစိုက်

ယင်းနောက် ဝန်ကြီးသည် ကွမ်းခြံကုန်း မြို့နယ်စည်ပင်သာယာရေးရုံး ရှင်းလင်းဆောင်၌ အမှုဆောင်အရာရှိ ဦးသန့်စင်ဦးက မြို့သန့်ရှင်းသပ်ရပ် သာယာလှပရေးနှင့် ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပြည်သူများသန့်ရှင်းသော ရေကောင်းရေသန့်ရရှိရေး အထူးဂရုစိုက်ရန် မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် မြို့နယ်အတွင်း ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** တာဝန်ရှိသူများအား ရေပိုက်လိုင်းများ ပုံမှန်စစ်ဆေးရန်နှင့် ရပ်ကွက်အလိုက် စနစ်တကျ အချိန်မှန်ဖြန့်ဖြူးပေးရန်တို့ကို မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ရေသန့်စက်ပစ္စည်းများနှင့် ကလိုရင်းဆေးပြားများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည့် လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန် World Vision (Myanmar)က ရေသန့်စက်ပစ္စည်းများနှင့် ကလိုရင်းဆေးပြားများလှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီးအရှေ့ပေါ်နှင့် ပြင်ပလူနာဌာနရှိ ကျန်းမာရေးဝန်ကြီးဌာန ယာယီကွပ်ကဲမှုရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် World Vision (Myanmar)မှ တာဝန်ခံ ဒေါက်တာကြည်မင်းနှင့်အဖွဲ့က လေဘေးသင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန် အမေရိကန်ဒေါ်လာ ၈၉၀၀၀ တန်ဖိုးရှိရေသန့်စက်ပစ္စည်းများနှင့် ကလိုရင်းဆေးပြားများကို ပေးအပ်လှူဒါန်းရာ**(အောက်ပုံ)** ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိဘတို့၏ မေတ္တာဂုဏ်ရည် ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ အောင်စည်းစိမ် ကျောက်မျက်ကုမ္ပဏီ၏ စီစဉ်မှုဖြင့် ကျေးဇူးကြီးလှမိနှင့်ဖတို့၏ မေတ္တာဂုဏ်ရည်ပူဇော်ဟောပြောပွဲကို ဇူလိုင်၂၁ရက် နံနက် ၉ နာရီက အထက(၁) ဗဟန်း၌ကျင်းပရာ အမျိုးသားစာပေဆုရ စာရေးဆရာကြီးမင်းယုဝေ၊ အမျိုးသားစာပေဆုရ စာရေးဆရာကြီး လယ်တွင်းသားစောချစ်၊ ဆရာဝန်စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)တို့က ဟောပြောကြသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင်မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကြီးက ကျောင်းရန်ပုံငွေအတွက် အလှူငွေကျပ် ၅၀၀၀၀၊ စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ကျောင်းစာကြည့်တိုက်အတွက် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနွယ်နီလွင်ထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(က-ပ)

သနန္တနမ္မပါလကအဖွဲ့ ချုပ် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၄

သနန္တနမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က ကြီးမှူး၍ ကမ္ဘာအေးကုန်းမြေ ကျောင်းဆောင်သစ်တွင် သီတင်းသုံးတော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ သံဃာတော် ၄၇၂ပါးအား တစ်နေ့တာ ဆွမ်းကပ်ခြင်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၃ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် မိုးကုတ်ဆွမ်းစားကျောင်း ကမ္ဘာအေးကုန်းမြေ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းပွဲတွင် ပါဝင်လှူဒါန်းလိုသော ဟိန္ဒူမိသားစုများသည် သင်္ကန်းတစ်စုံလျှင် ငွေကျပ်၁၂၀၀၀၊ ဆွမ်းအတွက် အနည်းဆုံး ငွေကျပ် ၈၀၀၀ကို နာယက ဦးကြည်မင်း ဖုန်း-၅၂၅၁၆၅၊ ဦးစိုးဝင်း ဖုန်း-၂၄၂၇၅၁ နှင့် ဦးထွန်းလင်း ဖုန်း-၀၉-၅၁၈၂၃၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဗဟန်းရွှေမင်းဝံသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

အမှတ်၇၀ သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက် ဗဟန်းမြို့နယ်ရှိ ရွှေမင်းဝံသာသနာ့ရိပ်သာတွင် (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဇူလိုင်၂၇ရက် (ဝါဆိုလပြည့်ကျော် ၁၀ရက်) တနင်္ဂနွေနေ့ နံနက်၈နာရီတွင် မဟာဓမ္မဗိမာန် အပေါ်ထပ်၌ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရေလုပ်ငန်း ပြန်လည်ထူထောင်မှု

ကိုစံ (စက်မှု)

အရှေ့တောင်အာရှ၏ အချက်အချာကျသည့် နေရာတွင်ရှိပြီး မိုင်ပေါင်း ၁၃၀၀ကျော် ရှည်လျားသည့် ကမ်းရိုးတန်းကိုပိုင်ဆိုင်သည့် မြန်မာနိုင်ငံ၏ မြေထု၊ ရေထုထဲတွင် သက်ရှိ၊သက်မဲ့သယံဇာတပေါကြွယ်ဝလှသည့်အပြင် ကမ္ဘာပေါ်ရှိ မပျက်စီးသေးသည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိသည့် ရေပြင်နှင့်လေထုရှိပြီး နှစ်ပေါင်းရာနှင့်ချီ၍ သဘာဝဘေးအန္တရာယ် ကြီးကြီးမားမား ကျရောက်ခြင်းမရှိဘဲ အေးချမ်းစွာတည်ရှိခဲ့သည်။

၂၀၀၈ခုနှစ် ဧပြီလကုန်တွင် ကပ္ပလီပင်လယ်အတွင်း ဖြစ်ရိုးဖြစ်မြဲလေဖိအားနည်းရပ်ဝန်းသည် အားကောင်းလာပြီး မုန်တိုင်းငယ်၊ ထိုမှ ဆိုင်ကလုန်းမုန်တိုင်း၊ ထိုမှ အားအလွန်ကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းကြီးအဖြစ် ရောက်ရှိလာခဲ့သည်။ ဖြစ်မြဲဖြစ်စဉ်ဆိုလျှင် ထိုမုန်တိုင်းမျိုးသည် မြောက်ဘက် သို့မဟုတ် အနောက်မြောက်ဘက်သို့ ရွေ့လျားကာ အိမ်နီးချင်း နိုင်ငံများဘက်သို့ ဝင်ရောက်ကာ အားပျော့ပျက်ပြယ်သွားလေ့ရှိသည်။ သို့သော် ဖန်လုံအိမ်အာနိသင်၊ ကမ္ဘာကြီးပူနွေးလာမှုစသည့် ကမ္ဘာနှင့်ဆိုင်သည့် ပတ်ဝန်းကျင်ပျက်ယွင်းမှုများကြောင့် ဖြစ်ပေါ်လာသည့် နာဂစ်ဟု အမည်ပေးခံရသည့် ထိုမုန်တိုင်းကြီးသည် မေလ၂ရက်နေ့တွင်

မော်လမြိုင်ကျွန်းမြို့နယ်တွင် တည်ဆောက်ပြီးစီးပြီး လွှဲပြောင်းပေးအပ်သည့် ဦးချွန်းပဲ့ချွန်း အမျိုးအစားလှေများ အစီအရီ။

ဧရာဝတီတိုင်း၊ ဟိုင်းကြီးကျွန်းကို စတင်ဝင်ရောက်ခဲ့ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်တောင်ပိုင်းနှင့် ရန်ကုန်တိုင်း ထိုမှ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့ကို မေလ၃ရက်နေ့တွင် ဆက်လက်ဖြတ်ကျော်တိုက်ခတ်ကာ မေလ ၄ရက်နေ့ နေ့လယ်ကျမှ ထိုင်းနိုင်ငံဘက်သို့ ဝင်ရောက်ပြီးနောက် အင်အားပျက်ပြယ်သွားတော့သည်။

မည်သို့မျှ ရှောင်လွှဲ၍မရနိုင်သည့် သဘာဝဘေးအန္တရာယ် ဆိုင်ကလုန်း မုန်တိုင်းကြီးသည် တစ်ခါမျှ ထိုသို့ ကြီးကြီးမားမား မုန်တိုင်းဒဏ်ကို မကြုံဖူးသည့် မြန်မာတို့ကို ပြင်းစွာ ဖျက်ဆီးသွားခဲ့လေသည်။ သတင်းများတွင် ဖော်ပြထားသည့် စာရင်းများအရ သေဆုံးသူ ၈၄၅၃၇ဦး၊ ပျောက်ဆုံးသူ ၅၃၈၃၆ဦးအထိ ရှိခဲ့ရပြီး ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ အသက်အိုးအိမ်စည်းစိမ်များ၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ရေယာဉ်များ၊ တိရစ္ဆာန်များ၊ သီးနှံစိုက်ခင်းများ၊ သစ်တောများနှင့် ရိက္ခာပစ္စည်းများကို ဖျက်ဆီးသွားခဲ့သည်။

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းလေဘေးဒဏ်ခံရသည့် ဒေသတွင် နေထိုင်သည့် လူအများစုမှာ လယ်ယာလုပ်ကိုင်သူများနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ကြသည်။ ကမ်းနီးကမ်းဝေး ငါးဖမ်း စက်တပ်၊ စက်မဲ့ လှေသင်္ဘောများ ထောင်နှင့်ချီ၍ နစ်မြုပ်ပျက်စီးခဲ့ရသည်။ ငါးဖမ်းကိရိယာဖြစ်သည့် ပိုက်မျိုးစုံ ပမာဏများပြားစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့အတူပင် ငါးကန်၊ ပုစွန်ကန် ဧကပေါင်းများစွာ ပျက်စီးခဲ့ရသည်။

ဧရာဝတီသည် နိုင်ငံတော်၏ ငါးဟင်းအိုးကြီးဟု တင်စားခေါ်ဝေါ်ခံခဲ့ရလောက်အောင် ငါး၊ ပုစွန်၊ ကဏန်းပေါများစွာဖြင့် ပြည်တွင်းစားသုံးရန်သာမက ပြည်ပနိုင်ငံခြားငွေ ရှာဖွေပေးခဲ့သည်။ ရန်ကုန်သည်လည်း ပင်လယ်ငါးဖမ်းသင်္ဘောများဆိုက်ကပ်ရာ Maritime Port လည်းဖြစ်၊ အအေးခန်း စက်ရုံအများစုရှိရာလည်းဖြစ်၍ ငါးလုပ်ငန်းကုန်သွယ်မှုတွင် လွန်စွာအရေးပါလှပါသည်။ မြန်မာ့ရေလုပ်ငန်း၏ အဆိုပါ အဓိကနေရာကြီး နှစ်ခုကိုမှ အဆိုပါမုန်တိုင်းက တိုက်ခတ်ဖျက်ဆီးလိုက်ခြင်းဖြစ်သည်။ မြန်မာ့ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုမှာ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်က ဒေါ်လာ ၄၆၆သန်းနှင့် ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ဒေါ်လာသန်း ၅၆၀ရရှိခဲ့သည်။ ၂၀၀၈- ၂၀၀၉အတွက် ရည်မှန်းချက်က ဒေါ်လာသန်း ၈၅၀ဖြစ်သည်။ မုန်တိုင်းဒဏ်ခံရသည်က မေလဆန်းဖြစ်၍ ယခုနှစ်အတွက် အရှိန်ယူပြီးပြေးမည့်ဟန် ပြင်ရုံရှိသေး ခြေထိုးခံလိုက်ရလေပြီ။ မြန်မာ့ရေလုပ်ငန်းပုံမှန်အတိုင်း ပြန်လည်ဖြစ်စေရန် အဘက်ဘက်မှ အားထည့်စီစဉ်ရပေတော့မည်။

မေလ၃ရက်နေ့ နံနက်၈း၃၀နာရီတွင် နေပြည်တော်၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ဦးဆောင်ကာ အစည်းအဝေးခေါ်ယူ၍ ဆပ်ကော်မတီအသီးသီးအလိုက် တာဝန်များခွဲဝေကာ ကယ်ဆယ်ရေးနှင့် ထူထောင်ရေးအတွက် စီစဉ်ကြတော့သည်။ ထိုအချိန် ရန်ကုန်မြို့တွင် မုန်တိုင်းကတိုက်၍ ကောင်း တုန်းပင်ရှိသေးသည်။ ပြည်သူလူထု အပေါ်ထားရှိသည့် တာဝန်ရှိသူ အကြီးအကဲတို့၏ သားသမီးနှင့် မိဘသဖွယ်ထားရှိသည့် စိတ်ရင်း စေတနာပင်ဖြစ်သည်။ ထို့နောက်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊တပ်မတော်နှင့် NGO အဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အလှူရှင် မိတ်ဆွေကောင်းများ၏ စာနာကူညီမှုများဖြင့် တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြသည်။

"အသက်ရှင်ကျန်ရစ်သူတိုင်း ဆက်လက်အသက်ရှင်နေထိုင်ရမယ်" ဟူသည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ ဩဝါဒနှင့်အညီ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဌာနအသီးသီး၊ အဖွဲ့အသီးသီးက ချက်ချင်းလုပ်ဆောင်ခဲ့ကြပြီး ကယ်ဆယ်ရေးစခန်းတွေကို ဒေသအနှံ့ဖွင့်လှစ်ပြီး အပူတပြင်း ဆောင်ရွက်ခဲ့ကြသည်။ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက ပြန်လည်ထူထောင်ရေးလုပ်ငန်းဖြစ်သည့် ယာယီအမိုးအကာများ၊ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ရသူများအား မိမိတို့ဆန္ဒဖြင့် နေရင်းရပ်ရွာများတွင် အခိုင်အမာအိမ်ရာများဖြင့် ပြန်လည်အခြေချနေထိုင်ရေးအတွက် နိုင်ငံတော်နှင့် ပြည်တွင်းမှ စေတနာရှင်တို့၏ ပံ့ပိုးမှုဖြင့် နေအိမ်များကိုဆောက်လုပ်ပေးလျက်ရှိသည်။ တစ်ဆက်တည်းမှာပင် ဒေသအတွင်း မူလအလုပ်အကိုင်များ ပြန်လည်လုပ်ကိုင်နိုင်ရေးကိုလည်း ပံ့ပိုးရပြန်သည်။ လယ်ယာလုပ်ငန်းများအတွက် ကျွဲ၊ နွားများ၊ မျိုးစပါးများ၊ လက်တွန်းထွန်စက်များ၊ စက်သုံးဆီများကို ပံ့ပိုးပေးလျက်ရှိသည်။ ရေလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သည့် ပိုက်၊ လှေတို့ကိုလည်း နိုင်ငံတော်က ကူညီပံ့ပိုးရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ရေလုပ်သားတို့အတွက် အရေးတကြီးလိုသည်မှာ လှေနှင့် ပိုက်ဖြစ်သည်။ ယနေ့ရလျှင် ယနေ့ငါးဖမ်းမည်ဟုဆိုသည်။ ယနေ့ဝင်ငွေရမည်။ ဒေသခံရေလုပ်သားတို့ကလည်း ရေလုပ်ငန်းသာလုပ်လိုသည်။ သည်မြစ်၊ သည်ချောင်းရှိသရွေ့ သူတို့ဝမ်းစာမပူ၊ ဝင်ငွေမပူ။ မြစ်ချောင်းရှိလျှင် ငါး၊ ပုစွန်ရှိရမည်။ ဒါဆိုလျှင် ဝင်ငွေရမည်။ ဆန်၊ ဆီအကုန်လိုချင်တာ ဝယ်နိုင်မည်။ ခက်သည်က လှေမရှိ၊ ပိုက်မရှိ၊ မြင်သာမြင်၍ မကြင်ရသည့်ဘဝဖြစ်သည်။ နိုင်ငံတော်က လှေတွေ၊ ပိုက်တွေပေးမည်ဆို၍ သူတို့တွေဝမ်းသာကြသည်။ စာရင်းမှတ် စနစ်ဖြင့်ပေးမည်။ သင့်တော်သည့်အချိန်မှာ ပြန်ဆပ်ရမည်ဆိုလျှင်လည်းပြန်ဆပ်မည်ဟု ရဲရဲကြီး အာမခံကြသည်။ ဘဝအနေအထားမှာ မြင့်လေပြီ။ နိုင်ငံတော်က အခြေခံရေလုပ်သားများ လူနေမှုဘဝမြင့်စေရန်ရည်ရွယ်၍ စီစဉ်ပေးခြင်းဖြစ်သည်။ ထို့အပြင် နိုင်ငံတော် အကြီးအကဲက လှေများထောက်ပံ့ရာတွင် လက်လှော်အစား စက်ပါတပ်ပေးရန် လမ်းညွှန်သည်။ ရေလုပ်သားတို့ပျော်ကြပြီ။ တစ်သက်လုံး လက်ထိုးလှေနဲ့ ငါးရှာရာက စက်တပ်ပဲ့ထောင်များနဲ့ ငါးဖမ်းရတော့မည်။

လေဘေးသင့်ဒေသများရှိ ထောက်ပံ့မှုပေးရမည့် ရေလုပ်သားဦးရေနှင့် လိုအပ်ချက်များကို သိစေရန်အတွက် ကွင်းဆင်းဆောင်ရွက်မှုများကို ဧရာဝတီတိုင်းတွင် ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ လပွတ္တာ၊ ငပုတော၊ ဟိုင်းကြီး၊ မော်လမြိုင်ကျွန်းဒေသများ၊ ရန်ကုန်တိုင်းတွင် တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ကျောက်တန်း၊ ခရမ်းမြို့နယ်များ၌ အဖွဲ့ငယ်များခွဲကာ အောက်ခြေအထိ စာရင်းကောက်ပြီး လိုအပ်မှုများ အနီးစပ်ဆုံးသိရှိနိုင်ရန် ဆောင်ရွက်ခဲ့သည်။

တည်ဆောက်မည့်လှေများအတွက် လိုအပ်သည့်သစ်ကို နိုင်ငံတော်၏ အစီအစဉ်ဖြင့် သစ်တောရေးရာဝန်ကြီးဌာနမှပံ့ပိုးပြီး နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် သစ်စက်ကြီးများတွင် သစ်လုံးများကို လိုအပ်သည့် အရွယ်အစားရအောင် ဖြတ်တောက်ပေးသည်။ ဤတွင် အချို့သစ်စက်ကြီးများက ဝန်ဆောင်ခ မယူဘဲ လုပ်အားဒါန ကူညီပါဝင်ပေးခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းအသီးသီးရှိ လှေတည်ဆောက်တတ်သူ ကျွမ်းကျင်ပညာရှင်များ၊ လက်သမားဆရာများကို ခေါ်ယူစုစည်းပြီး လှေတည်ဆောက်မည့် မြို့များတွင် အလုပ်ရုံများဖွင့်လှစ်ခဲ့သည်။ အလုပ်ရုံတစ်ခုစီအလိုက် ပြည်နယ်၊ တိုင်းငါးလုပ်ငန်းဦးစီးဌာနတို့မှ ကွပ်ကဲစေလျက် ထုတ်လုပ်ရမည့် လှေအရေအတွက်နှင့် လှေ၏အတိုင်းအတာတို့ကို သတ်မှတ်ပေးခဲ့သည်။ ဦးချွန်းပဲ့ချွန်း လှေအလျား ၂၁ပေရှိပြီး မြင်းကောင်ရေ ၆ဒသမ၅ ဓာတ်ဆီအင်ဂျင်တပ်ဆင်မည် ဖြစ်သည်။ ဇွန်လ ၁၅ရက်နေ့မှစတင်၍ ရန်ကုန်၊ ဖျာပုံ၊ အိမ်မဲ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ မြောင်းမြ၊ ပုသိမ် စသည့် မြို့များတွင် လှေတည်ဆောက်ရေးလုပ်ငန်းများကို စတင်ခဲ့သည်။ လှေများ အချိန်မီပြီးစီးရေးအတွက် ခေတ်မီဖြတ်စက်၊ ရွှေပေါ်စက်များ အသုံးပြုကာ ကျွမ်းကျင်သူများဖြင့် တည်ဆောက်လျက်ရှိရာ ယခုဆိုလျှင် လှေအစင်းရေ ထောင်နှင့်ချီပြီး ပြီးစီးနေပြီဖြစ်သည်။ လှေတည်ဆောက်မှုလုပ်ငန်းများကို အချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူများက နေ့ရောညပါ တာဝန်ယူ ကြီးကြပ်လျက်ရှိသည်။

ပုသိမ်မြို့နယ်ရှိ ငါးဖမ်းလှေ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။

လေဘေးသင့်ဒေသများတွင် ရေလုပ်ငန်း
လှေတည်ဆောက်မှုအခြေ
၁၅-၆-၂၀၀၈ မှ ၁၀-၇-၂၀၀

စဉ်	မြို့နယ်အမည်	လျာထား
၁။	ငပုတော(ပုသိမ်)	၁၀၀၀
၂။	လပွတ္တာ	၃၀၀၀
၃။	မော်လမြိုင်ကျွန်း	၁၀၀၀
၄။	ဖျာပုံ	၁၀၀၀
၅။	ဘိုကလေး	၁၀၀၀
၆။	မြောင်းမြ	၁၀၀၀
၇။	အိမ်မဲ	၅၀၀
၈။	ရန်ကုန်	၁၀၀၀
	စုစုပေါင်း	၉၅၀၀

တစ်ချိန်တည်းမှာပင် လိုအပ်သည့်ငါးဖမ်း
အလိုက် ပြည်တွင်း၊ ပြည်ပမှ ဝယ်ယူခဲ့ကြသည
ဒေသအနေအထား အမျိုးမျိုးကွဲပြားသည့်အလျော
လည်း အမျိုးစုံလှသည်။ ကျားပိုက်ကြီးများမှ
ငါးသလောက်မျှောပိုက်၊ ကွင်းတားပိုက်အပ
ရင်တွန်း၊ ဂေါ်ထိုးပိုက်များအထိ ဒေသအလိုက်
လိုအပ်မှုအလိုက် ပံ့ပိုးနိုင်အောင် စီစဉ်မှာကြား
ထားသော ငါးဖမ်းပိုက် အမျိုးမျိုးအပါအဝင်
ရေလုပ်ငန်းသုံးပစ္စည်းများမှာ သက်ဆိုင်ရာမြို့န
များထံ ဖြန့်ဝေပေးပို့ပြီးဖြစ်သည်။

တည်ဆောက်ပြီးစီးသည့် စက်တပ်လှေမျ
လေဘေးသင့်မြို့နယ်များသို့ သက်ဆိုင်ရာတာဝ
များဖြင့် လွှဲပြောင်းပေးအပ်လျက်ရှိသည်ကို မ
တွေ့မြင်နေရသည်။ ဇွန်လ၃၀ရက်နေ့တွင် လပ
ရွာတွင်လည်းကောင်း၊ ဇူလိုင်လ ၁ရက်နေ့တွင်
ဖျာပုံမြို့နယ် အုန်းပင်ရွာတွင်လည်းကောင်း
မော်လမြိုင်ကျွန်းမြို့နှင့် ဘိုကလေးမြို့တို့တွင
၈ရက်နေ့တွင် ကွမ်းခြံကုန်းမြို့နှင့် ဒေးဒရဲမြို့တို
များနှင့် ငါးဖမ်းကိရိယာများကို အသီးသီး လွှဲ

လေဘေးသင့်ဒေသများတွင် ရေလုပ်ငန်း
ငါးဖမ်းစက်လှေများ ၈-၇-၂၀၀၈ ရက်နေ့အ

စဉ်	နေ့ရက်	မြို့နယ်အမ
၁။	၃၀-၆-၂၀၀၈	လပွတ္တာ
၂။	၁-၇-၂၀၀၈	ငပုတော
၃။	၁-၇-၂၀၀၈	ဖျာပုံ
၄။	၇-၇-၂၀၀၈	ဘိုကလေး
၅။	၇-၇-၂၀၀၈	မော်လမြိုင်
၆။	၈-၇-၂၀၀၈	ကွမ်းခြံကုန်
၇။	၈-၇-၂၀၀၈	ဒေးဒရဲ
		စုစုပေါင်း

သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မုန်တိုင
ဘိုကလေး၊ ဒေးဒရဲ၊ မော်လမြိုင်ကျွန်း၊ လပွတ္တ
စသည့် မြို့နယ်များရှိ အင်းများကို ပုံမှန်အားဖြ
လုပ်ကိုင်ခွင့် ပြုသော်လည်း ယခုအခါ အင်းခွ
အရစ်၊ အောက်တိုဘာလတွင် ဒုတိယအရစ်နှင့်
အရစ်ဟူ၍ ခွဲ၍သွင်းခွင့်ပြုခဲ့သည်။ ထို့အပြင်
လုပ်ငန်းရှင်များကို ၅၀ရာခိုင်နှုန်း အခွန်လျှော့

25-7 (08-9).pmd 1 7/26/2008, 2:43 AM

လေဘေးသင့်ဒေသများတွင် ရေလုပ်ငန်းပြန်လည်ထူထောင်ရန် လှေတည်ဆောက်မှုအခြေအနေ ၁၅-၆-၂၀၀၈ မှ ၁၀-၇-၂၀၀၈ ရက်နေ့ အထိ

စဉ်	မြို့နယ်အမည်	လျာထား	ပြီးစီး
၁။	ငပုတော(ပုသိမ်)	၁၀၀၀	၃၀၂
၂။	လပွတ္တာ	၃၀၀၀	၂၃၉
၃။	မော်လမြိုင်ကျွန်း	၁၀၀၀	၉၄
၄။	ဖျာပုံ	၁၀၀၀	၃၆၈
၅။	ဘိုကလေး	၁၀၀၀	၂၇၀
၆။	မြောင်းမြ	၁၀၀၀	၅၁၀
၇။	အိမ်မဲ	၅၀၀	၁၅၅
၈။	ရန်ကုန်	၁၀၀၀	၉၀
	စုစုပေါင်း	၉၅၀၀	၂၀၂၈

တစ်ချိန်တည်းမှာပင် လိုအပ်သည့်ငါးဖမ်းကိရိယာများကို အမျိုးအစားအလိုက် ပြည်တွင်း၊ ပြည်ပမှ ဝယ်ယူခဲ့ကြသည်။ မြန်မာ့မြစ်ချောင်းများနှင့် ဒေသအနေအထား အမျိုးမျိုးကွဲပြားသည့်အလျောက် ငါးဖမ်းကိရိယာပိုက်ကလည်း အမျိုးစုံလှသည်။ ကျားပိုက်ကြီးများမှ ဘဝန်း၊ သုံးထပ်မျှောပိုက်၊ ငါးသလောက်မျှောပိုက်၊ ကွင်းတားပိုက်အပါအဝင် လက်ပစ်ကွန်နှင့် ရင်တွန်း၊ ဂေါ်ထိုးပိုက်များအထိ ဒေသအလိုက် သို့မဟုတ် ရေလုပ်သား၏ လိုအပ်မှုအလိုက် ပံ့ပိုးနိုင်အောင် စီစဉ်မှာကြားရသည်။ ယခုအခါ မှာယူထားသော ငါးဖမ်းပိုက် အမျိုးမျိုးအပါအဝင် ကြိုး၊ ဖော့သီး၊ ခဲသီးစသည့် ရေလုပ်ငန်းသုံးပစ္စည်းများမှာ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တာဝန်ရှိသူများထံ ဖြန့်ဝေပေးပို့ပြီးဖြစ်သည်။

လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ရေပြင်များတွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများ၌ ရေလုပ်သားများအား ကိရိယာလိုင်စင်ခွန် ကောက်ခံခြင်းမပြုဘဲ ငါးဖမ်းဆီးခွင့်ပြုထားသည်။ စက်တင်ဘာလမှစ၍ ပုံမှန်အတိုင်း ကိရိယာခွန်ပေးဆောင်ရမည်ဖြစ်သည်။ အင်းများ၊ ပိုက်ချက်များမှာ သဘာဝရေပြင်တွင်ဖြစ်၍ မပျက်စီးသော်လည်း ငါးဖမ်းကိရိယာများ၊ အဆောက်အအုံများ၊ ကျွမ်းကျင် ရေလုပ်သားများ သေကျေပျက်စီးဆုံးရှုံးကာ များစွာထိခိုက်နစ်နာခဲ့ရသည်။ ထိုလုပ်ငန်းရှင်များ လုပ်ငန်းပြန်လည်လည်ပတ်နိုင်ရေး လိုအပ်သည့် ငါးဖမ်းကိရိယာများ ပြန်လည်ဖြည့်တင်းနိုင်ရေးအတွက် ဘဏ်ချေးငွေများကို မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ စီစဉ်ပေးလျက်ရှိသည်။ အလားတူပင် ငါးကန်များ၊ပုစွန်ကန်များမှာ မုန်တိုင်းဒဏ်ကြောင့် ရေဝင်ပျက်စီးခြင်း၊ ကန်ပေါင်များပြိုကျ၍ ငါးများထွက်ကုန်ခြင်း၊ ရောကုန်ခြင်းတို့ ဖြစ်ပွားခဲ့ရသည်။ ၄င်းကို ပြန်လည်ထူထောင်ရေးအတွက် ပျက်စီးသွားသော ငါးကန်တစ်ဧကလျှင် ပျက်စီးမှုပေါ်မူတည်၍ ချေးငွေများထောက်ပံ့ပြီး ပြန်လည်ထူထောင်စေခဲ့သည်။

နာဂစ်မုန်တိုင်းကြောင့် ငါးဖမ်းသင်္ဘောများ၏ ပျက်စီးဆုံးရှုံးမှုမှာလည်း ကြီးမားလှသည်။ ရန်ကုန်မြစ်အတွင်း ဆိပ်ခံတွင် ရပ်ထားစဉ်အတွင်း လေမုန်တိုင်းဒဏ်ကြောင့် တစ်စင်းနှင့်တစ်စင်းတိုက်မိကာ နစ်မြုပ်ခဲ့ရသည်များလည်းရှိသည်။ လေဒဏ်၊ လှိုင်းဒဏ်ကြောင့် ကမ်းတင်သွားသည်များလည်း ရှိသည်။ ထိုနစ်မြုပ်သွားသော သိန်းထောင်နှင့်ချီတန်သည့် ငါးဖမ်းသင်္ဘောများကို ပြန်လည်ဆယ်ယူရေးအတွက် အကူအညီပေးခဲ့ပြီး ဆယ်ယူခနှင့် ပြန်လည် ပြုပြင်မွမ်းမံရာတွင် ကုန်ကျစရိတ် သိန်း၅၀မှ ၁၀၀အတွင်းရှိသဖြင့် ထို့အတွက် လိုအပ်ငွေကိုလည်း မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများဖြင့် ထောက်ပံ့ခဲ့ရသည်။ ထိုသို့ဖြင့် ပင်လယ်ငါးဖမ်းသင်္ဘောများ အမြန်ဆုံးဆယ်တင်ပြင်ဆင်ပြီး ပင်လယ်ပြင်ငါးဖမ်းထွက်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ရာ ယခုဆိုလျှင် ငါးဖမ်းသင်္ဘောများ အထိအမိကောင်းစွာ ရန်ကုန်နှင့် ဖျာပုံဆိပ်ကမ်းများသို့ ပြန်ဝင်နိုင်ကြပြီဖြစ်သည်။ ထိုသို့ ရေလုပ်ငန်းပြန်လည်ထူထောင်ရေးအတွက် ချေးငွေသိန်းပေါင်းနှစ်သောင်းမှ သိန်းပေါင်းလေးသောင်းခန့် သုံးစွဲသွားရန် စီစဉ်ထားရှိသည်။

ထို့ပြင် မုန်တိုင်းပြီးစတွင် လျှပ်စစ်မီးမရရှိသေးသဖြင့် အအေးခန်းစက်ရုံများ အဆက်မပြတ် လည်ပတ်နိုင်ရေးနှင့် ငါးဖမ်းသင်္ဘောများ ငါးဖမ်းထွက်နိုင်ရေးအတွက် လောင်စာဆီအခက်အခဲမရှိစေရန်အတွက်လည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ပြည်ပတင်ပို့မှုများလည်း ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများ ငါးရိက္ခာမပြတ်လပ်စေရေး၊ ဈေးကြီးမြင့်မှု မရှိစေရေးကို ထိန်းသိမ်းနိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့် လမ်းညွှန်မှုကိုခံယူကာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ရေလုပ်ငန်းပြန်လည်ထူထောင်ရေးမှာ မုန်တိုင်းအပြီး နှစ်လအကျော်တွင် သိသိသာသာ ပြန်လည်ဦးမော့လာနေပြီဖြစ်သည်။

ဒေးဒရဲမြို့တွင် ကျင်းပသော လေဘေးပြန်လည်ထူထောင်ရေး ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာများ ပေးအပ်ပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်ပြောကြားခဲ့သည့် “**နိုင်ငံတော်မှ ပံ့ပိုးဖြည့်ဆည်းမှု၊ တိုင်းရင်းသား လုပ်ငန်းရှင်များ၊ စေတနာရှင်အလှူရှင်များ ပူးပေါင်းပါဝင်မှုတို့ဖြင့် မူလ လူနေမှုဘဝထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးထားသည့်အပေါ် အခြေခံ၍ အလုပ်ကို ယခင်ကထက် ပိုမိုကြိုးစားလုပ်ဆောင်သွားကြရန် တာဝန်ရှိသူများက ကျေးရွာများအထိဆင်းကာ ကျေးရွာနေသူများကို ယခင်ကဖြစ်သလို နေထိုင်စားသောက်သည့် စိတ်ဓာတ်များပယ်ဖျောက်၍ အလုပ်ကိုကြိုးစားလုပ်ပြီး စနစ်တကျ ငွေစုဆောင်းကာ မိမိတို့ဘဝကို ပိုမိုမြင့်မားတိုးတက်အောင် ဆောင်ရွက်မည့်စိတ်ဓာတ်မျိုးဖြစ်အောင် စည်းရုံးကြပါ**”ဆိုသည့် အချက်များမှာ တန်ဖိုးရှိလှပေသည်။ မှန်လည်း မှန်ပေသည်။ ထိုင်နေ၍တော့ ဘာမှဖြစ်မလာပါ။ ယခုနိုင်ငံတော်မှပေးသည့် ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာများကို ရရှိသူများအနေဖြင့် သေချာစွာ ထိန်းသိမ်းပြီး အကျိုးရှိစွာ သုံးစွဲ၍ မိမိဘဝကိုမြှင့်တင်ဖို့ လိုအပ်လှပေသည်။

စမ်းသပ်မောင်းနှင်ပြသနေသည့် ငါးဖမ်းလှေများကို ငေးကြည့်ရင်း ဧရာဝတီ ဖျာပုံသားဖြစ်သော ဆရာဇော်ဂျီ၏ “**တို့တိုင်းပြည်**”ကဗျာထဲမှ စာပိုဒ်အချို့ကို ကြားယောင်နေမိပါတော့သည်။

ထလော့မြန်မာ၊ မြန်မာထလော့
အားမပျော့နှင့်၊ မလျှော့လုံ့လ
သူကစ၍၊ ငါကအားလုံး
လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်နှင့်
စွမ်းဆောင်ကြလေ၊ ဆောင်ကြလေလော့---။ ။

ဒေးဒရဲမြို့နယ်တွင် ရေလုပ်သားများအတွက် လွှဲပြောင်းပေးအပ်ခဲ့သော ငါးဖမ်းပိုက်နှင့် ငါးဖမ်းကိရိယာများကို ဤသို့တွေ့ရသည်။

တည်ဆောက်ပြီးစီးသည့် စက်တပ်လှေများနှင့် ငါးဖမ်းပိုက်များကို လေဘေးသင့်မြို့နယ်များသို့ သက်ဆိုင်ရာတာဝန်ရှိသူများထံ အခမ်းအနားများဖြင့် လွှဲပြောင်းပေးအပ်လျက်ရှိသည်ကို မကြာခဏရုပ်မြင်သံကြားတွင် တွေ့မြင်နေရသည်။ ဇွန်လ၃၀ရက်နေ့တွင် လပွတ္တာမြို့နယ် ကျောက်မှော်ရွာတွင်လည်းကောင်း၊ ဇူလိုင်လ ၁ရက်နေ့တွင် ငပုတောမြို့နယ် ပြင်ခရိုင်နှင့် ဖျာပုံမြို့နယ် အုန်းပင်ရွာတွင်လည်းကောင်း၊ ဇူလိုင်လ၇ရက်နေ့တွင် မော်လမြိုင်ကျွန်းမြို့နှင့် ဘိုကလေးမြို့တို့တွင်လည်းကောင်း၊ ဇူလိုင်လ ၈ရက်နေ့တွင် ကွမ်းခြံကုန်းမြို့နှင့် ဒေးဒရဲမြို့တို့တွင်လည်းကောင်း ထိုလှေများနှင့် ငါးဖမ်းကိရိယာများကို အသီးသီး လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

လေဘေးသင့်ဒေသများတွင် ရေလုပ်ငန်းပြန်လည်ထူထောင်ရန် ငါးဖမ်းစက်လှေများ ၈-၇-၂၀၀၈ ရက်နေ့အထိ လွှဲပြောင်းပေးအပ်မှု

စဉ်	နေ့ရက်	မြို့နယ်အမည်	လှေအစင်းရေ
၁။	၃၀-၆-၂၀၀၈	လပွတ္တာ	၂၂၆
၂။	၁-၇-၂၀၀၈	ငပုတော	၁၃၇
၃။	၁-၇-၂၀၀၈	ဖျာပုံ	၂၀၅
၄။	၇-၇-၂၀၀၈	ဘိုကလေး	၁၈၀
၅။	၇-၇-၂၀၀၈	မော်လမြိုင်ကျွန်း	၁၅၀
၆။	၈-၇-၂၀၀၈	ကွမ်းခြံကုန်း	၆၅
၇။	၈-၇-၂၀၀၈	ဒေးဒရဲ	၁၄၄
		စုစုပေါင်း	၁၁၀၇

သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မုန်တိုင်းသင့်ဒေသဖြစ်သည့်ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ ငပုတော၊ ကွမ်းခြံကုန်း စသည့် မြို့နယ်များရှိ အင်းများကို ပုံမှန်အားဖြင့် ငွေအကျေပေးသွင်းပြီးမှ လုပ်ကိုင်ခွင့် ပြုသော်လည်း ယခုအခါ အင်းခွန်ကို ဇူလိုင်လတွင် ပထမအရစ်၊ အောက်တိုဘာလတွင် ဒုတိယအရစ်နှင့် ဒီဇင်ဘာလတွင် တတိယအရစ်ဟူ၍ ခွဲ၍သွင်းခွင့်ပြုခဲ့သည်။ ထို့အပြင် တင်ဒါပိုက်ချက်လုပ်ကိုင်သူ လုပ်ငန်းရှင်များကို ၅၀ရာခိုင်နှုန်း အခွန်လျှော့ချခွင့်ပြုခဲ့သည်။ ဘုံငါးဖမ်း

ရေလုပ်သားတို့အတွက် အရေးတကြီးလိုသည်မှာ လှေနှင့် ပိုက်ဖြစ်သည်။ ယနေ့ရလျှင် ယနေ့ငါးဖမ်းမည်ဟုဆိုသည်။ ယနေ့ဝင်ငွေရမည်။ ဒေသခံရေလုပ်သားတို့ကလည်း ရေလုပ်ငန်းသာလုပ်လိုသည်။ သည်မြစ်၊ သည်ချောင်းရှိသရွေ့ သူတို့ဝမ်းစာမပူ၊ ဝင်ငွေမပူ။ မြစ်ချောင်းရှိလျှင် ငါး၊ ပုစွန်ရှိရမည်။ ဒါဆိုလျှင် ဝင်ငွေရမည်။ ဆန်၊ ဆီအကုန်လိုချင်တာ ဝယ်နိုင်မည်။ ခက်သည်က လှေမရှိ၊ ပိုက်မရှိ၊ မြင်သာမြင်၍ မကြင်ရသည့်ဘဝ ဖြစ်သည်။ နိုင်ငံတော်က လှေတွေ၊ ပိုက်တွေပေးမည်ဆို၍ သူတို့တွေ ဝမ်းသာကြသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) ဗုဒ္ဓဘာသာအဖွဲ့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်) ဗုဒ္ဓဘာသာအဖွဲ့၏ (၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၃ရက် နံနက် ၁၀နာရီက မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပသည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားတွင် မဟာစည်သာသနာ့ရိပ်သာ နာယက ဆရာတော် သာသနဓဇသိရီပဝရ ဝိနယပါဠိပါရဂူ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇဋိလထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ပင့်သံဃာ ၁၀ပါးတို့အား သင်္ကန်း ၁၀စုံ၊ နဝကမ္မအလှူငွေ တစ်ပါးလျှင် ကျပ် ၁၅၅၀၀နှင့် ဝါဆိုဖယောင်းတိုင်၊ ဆေးနှင့်ဆေးပစ္စည်းနှင့် လှူဖွယ်ပစ္စည်းများကို မြန်မာနိုင်ငံဆရာဝန်အသင်း ဗုဒ္ဓဘာသာအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ခင်ကြည်ကြည်၊ နာယက ပါမောက္ခ ဦးမျိုးမြင့်နှင့် အမှုဆောင်အဖွဲ့ဝင်များက ဆက်ကပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**ဆက်လက်၍ ဆရာတော်က သာဓု အနုမောဒနာတရားချီးမြှင့်ပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(မြန်မာ့အလင်း)**

ဒလနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်များတွင် ရေသန့်စင်စက်ဖွင့်ပွဲကျင်းပ ရန်ကုန်တိုင်းကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းမှ စာအုပ်နှင့် စာသင်ခုံများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါသည် ဇူလိုင် ၂၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ဒလမြို့နယ် မြို့မ ၃ရပ်ကွက် မင်းတန်းလမ်းရှိ ဗြဟ္မဝိဟာရ ကွင်းကျောင်းတိုက်သို့ သွားရောက်ပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ပဓာန နာယကဆရာတော် ဘဒ္ဒန္တတေဇထံမှ ငါးပါးသီလခံယူပြီး ကြွရောက်လာသည့် ဆရာတော်ကြီးများအား ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်နှင့်ဇနီး ဒေါ်ခင်ညွန့်မြိုင်တို့ လှူဒါန်းသည့် ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ဒလမြို့နယ် (၁၁/၁၄)ရပ်ကွက် ရေသန့်စင်စက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဗဟိုအလုပ်အမှုဆောင်နှင့်အတူ ရေနှင့်သန့်ရှင်းမှု ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ၎င်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြားသည်။

တက်ရောက်အမှာစကား

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ဒလမြို့နယ် ညောင်ကုန်းရပ်ကွက်ရှိ ဓမ္မဒီပနီ ရာပြည့်ဗိမာန်တော်၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒလမြို့နယ်အတွင်းရှိ စာသင်ကျောင်းများကို ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်နှင့် စာသင်ခုံများ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားပြီး စာသင်ခုံ၊ ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများအား ပေးအပ်လှူဒါန်းပြီး ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် မိသားစုက ရေသန့်စင်စက်အား ကော်မတီဖွဲ့၍ ရေရှည် ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးအတွက် မတည်ငွေကျပ် တစ်သိန်းကို လှူဒါန်းသည်။ ထို့နောက် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းက ဒလမြို့နယ်အတွင်း သန့်ရှင်းသော သောက်ရေသန့်များရရှိရန် ရေသန့်စင်စက်များ တပ်ဆင်ခြင်း၏ အကျိုးကျေးဇူးနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးက ဒလမြို့နယ်အတွင်း လမ်းများ အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်လုပ်ကိုင်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ၎င်းနောက် ဒလမြို့နယ်ပညာရေးမှူးနှင့် ရပ်မိရပ်ဖများက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် ဆိပ်ကြီးခနောင်တိုမြို့နယ် ဗဟိုလမ်းရှိ ဓမ္မပီတိကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ကြွရောက်လာသော ဆရာတော်များအား ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်နှင့်ဇနီး ဒေါ်ခင်ညွန့်မြိုင်တို့က ဝါဆိုသင်္ကန်းများ ဆက်ကပ် လှူဒါန်းသည်။**(အပေါ်ပုံ)** ၎င်းနောက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ ဆိပ်ကြီးခနောင်တိုမြို့နယ် အတွင်းရှိ စာသင်ခုံများ လှူဒါန်းပွဲအခမ်းအနား ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးတို့က ဆိပ်ကြီးခနောင်တိုမြို့နယ် အတွင်း ရေသန့်စင်စက်များ တပ်ဆင်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ လမ်းများ အဆင့်မြှင့်တင်ရေးကို လည်းကောင်း ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာသင်ခုံများကို ပေးအပ်လှူဒါန်းပြီး ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် မိသားစုက ရေသန့်စင်စက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက်မတည်ငွေကျပ် တစ်သိန်းနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် တစ်သိန်းကို အသီးသီးလှူဒါန်းသည်။

နှုတ်ဆက်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် ဆိပ်ကြီးခနောင်တိုမြို့နယ်(၂/၃)စက်မြေရပ်ကွက်၌ ရေသန့်စင်စက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

သြဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းပွဲ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် အဘိဓမ္မာသင်တန်း ကြီးကြပ်ရေးအဖွဲ့၏ သြဝါဒါစရိယ ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရထံမှ သြဝါဒခံယူပွဲနှင့် ၂၀၀၇ခုနှစ်က ကျင်းပခဲ့သော သာသနာရေး ဦးစီးဌာန၏ အဘိဓမ္မာ၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်) ဝိသုဒ္ဓိမဂ် စာမေးပွဲများတွင် မိမိတို့သင်တန်းမှ ဖြေဆိုအောင်မြင်သူများအား စာအောင်ဆုနှင်းပွဲကို ဇူလိုင်၂၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျောင်းတိုက်ရှိ ရဟန္တာသိမ်တော်ကြီးအတွင်း၌ ကျင်းပမည် ဖြစ်သည်။ စာအောင် ပုဂ္ဂိုလ်များ၊ သင်တန်းသား သင်တန်းသူဟောင်းများနှင့် ဓမ္မမိတ်ဆွေများ အားလုံး တက်ရောက်အားပေး ဂုဏ်ပြုကြည်ညိုကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ပြင်ဦးလွင်မြို့နယ် စိမ်းလန်းစိုပြည်ရေး မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

ပြင်ဦးလွင်မြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၈ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇူလိုင်၁၂ရက် နံနက်၇နာရီက ပြင်ဦးလွင်မြို့နယ် မဟာအံ့ထူးကံသာ ဘုရားကြီးပရဝဏ်အတွင်း၌ ကျင်းပသည်။

စိုက်ပျိုးပေး

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် သစ်တော ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်းက မိုးရာသီသစ်ပင်စိုက်ပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဖေယျာအောင်က ကံ့ကော်ပင်၊ ခရေပင်၊ ရေတမာပင်၊ အုန်းပင်၊ လုမ္ဗိနီအင်ကြင်းပင်၊ ရွက်လှညိုပင်၊ ရေပိတုန်းပင်နှင့် ဂျပန်ပိတောက်ပင်တို့ကို ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့တို့အား ပေးအပ်ပြီး မဟာအံ့ထူးကံသာ ဘုရားကြီး ပရဝဏ်အတွင်း၌ သတ်မှတ်ထားသောနေရာအသီးသီးတွင် သစ်ပင်မျိုးစုံ ၃၃၀၃ပင်တို့အား တပျော်တပါးစိုက်ပျိုးကြကြောင်းသိရသည်။ **(အပေါ်ပုံ)** **(ဝ၈၈)**

မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ နယ်စပ်/တောင်တန်း သာသနာပြုလုပ်ငန်းများအတွက် စတုပစ္စယ ငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်းကို အလှူရှင် မန္တလေးမြို့ ၃၃လမ်း (လမ်း၈၀ × ၈၁လမ်းကြား) ၂၀၀/ခနေ သဇင်မိုးအော့ဖ်စက် ဦးခင်မောင်ယု-ဒေါ်ရီရီမြင့် မိသားစုက အဏ္ဏဝါဓမ္မာရုံတွင် ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ အဏ္ဏဝါ ဦးသန်းအောင်နှင့် အမှုဆောင်အဖွဲ့က လက်ခံယူစဉ်။ (က-ပ)

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၄

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ နိုင်ငံတော်ကဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံကြရသည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဘဒ္ဒန္တစန္ဒဇောတိ ပဓာနနာယကဆရာတော် မစိုးရိမ်ပရိယတ္တိစာသင်တိုက် ၊ ဥဘတောဝိဘင်္ဂရေဘွဲ့တော်ရ ဓမ္မဝိဟာရကျောင်းတိုက် မဲဇလီကျေးရွာမှ အရှင်ဓမ္မနန္ဒာတို့အား ချီးကျူးပူဇော်ပွဲကို ၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း၂ရက် (ဩဂုတ်၃ရက်) နံနက် ၈နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ၃လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ကွမ်းခြံကုန်းမြို့ပေါ်ရှိ ဘုန်းကြီးကျောင်း ၂၃ကျောင်းသို့လည်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဝတ္ထုနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လိုသူများသည် ဦးစိုးညွန့် (ဦးစီးနာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း)(အတွင်းရေးမှူး) ဖုန်း-၂၈၂၅၀၀၊ ဦးမောင်မောင်မြင့်(ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၇၄၅၅၊ ဦးစန်းအောင်(တွဲဖက်အတွင်းရေးမှူး)ဖုန်း-၆၆၄၆၀၇နှင့် ဒေါ်ဥ(အမှုဆောင်) ဖုန်း-၀၉-၈၀-၃၃၉၁၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (၁၉)ကြိမ်မြောက် မင်္ဂလာဆုနှင်းသဘင်

ရန်ကုန် ဇူလိုင် ၂၄

(၁၀၂)နှစ်သက်တမ်းရှိ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး(YMBA) (၁၉)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲအောင် ကျောင်းသား ကျောင်းသူများအား ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၂၆ရက် နံနက် ၈နာရီတွင် ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ် ၇၇ရှိ အသင်းတိုက်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပေကျင်းအိုလံပစ် သတင်းဓာတ်ပုံ

သယ်ဆောင်

၂၀၀၈ ပေကျင်းအိုလံပစ် မီးရှူးတိုင်ကို တရုတ်နိုင်ငံအတွင်း လှည့်လည် သယ်ဆောင်လျက်ရှိရာ ရှန်တုံပြည်နယ် ကျိုနန်မြို့သို့ ဇူလိုင် ၂၃ရက်က ရောက်ရှိလာသည့် မီးရှူးတိုင်အား ဘတ်စကတ်ဘော ကစားသမားဟောင်း ဂေါင်စီရာဘင်(ယာ)နှင့် စင်ပေ့ချနာတို့ သယ်ဆောင်လာကြစဉ်။ (ဆင်ဟွာ-ဓာတ်ပုံ)

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်အကြို ပူးတွဲလေ့ကျင့်မှုအဖြစ် အမျိုးသား မီတာ၁၁၀ တန်းကျော်ပြေးပွဲကို ပေကျင်းအားကစားရုံ၌ ဇူလိုင် ၂၄ရက်ကကျင်းပရာ လက်ရှိကမ္ဘာ့စံချိန်ရှင် ကျူးဘားတန်းကျော်အပြေးသမား ဒေရွန်ရောလက်စ် **(လယ်)** နှင့် တရုတ်တန်းကျော်အပြေးသမား လျူဆင်းတို့ ယှဉ်ပြိုင်နေကြစဉ်။ **(၄င်းပြိုင်ပွဲ၌ ရောလက်စ်က ၁၂ ဒသမ၉၀စက္ကန့်နှင့် လျူဆင်းက ၁၂ဒသမ ၉၁စက္ကန့် ပြေးနိုင်ခဲ့ကြသည်)** **(ဆင်ဟွာ-ဓာတ်ပုံ)**

၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲ
တရုတ်အလေးမ ကစားသမားများ၏ အနေအထား

ပေကျင်း ဇူလိုင် ၂၄

၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော်ကျင်းပဖို့ ရက်တဖြည်းဖြည်းနဲ့ နီးကပ်လာပြီဖြစ်ပါတယ်။ အိုလံပစ်ပြိုင်ပွဲဝင်မယ့် နိုင်ငံတကာက ပြေးခုန်ပစ် အားကစားသမားတွေလည်း သက်ဆိုင်ရာ အားကစားပြိုင်ပွဲတွေမှာ အမြင့်ဆုံး ရွှေတံဆိပ်တွေ ဆွတ်ခူးရရှိနိုင်ဖို့ လေ့ကျင့်ပြင်ဆင်ကြိုးစားနေကြပြီ ဖြစ်ပါတယ်။

ကြိုးစားနေ

အိမ်ရှင် တရုတ်အားကစားသမားတွေဟာလည်း အိမ်ရှင်ပီပီ ပြိုင်ပွဲတိုင်းမှာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ရေး အပြင်းအထန်ကြိုးစားနေကြတာမို့ အိုလံပစ်ပြိုင်ပွဲဝင် တရုတ်အလေးမအားကစားသမားတွေရဲ့ အနေအထားကို ဖော်ပြလိုက်ပါတယ်။

ရေပန်းအစားဆုံး

တရုတ်အလေးမအားကစားသမားတွေဟာ နိုင်ငံတကာပြိုင်ပွဲတွေမှာတော့ နာမည်ကြီးသူတွေပါပဲ။ ပြီးခဲ့တဲ့ အေသင်အိုလံပစ်နဲ့ ဆစ်ဒနီ အိုလံပစ်ပွဲတော်တွေမှာ ရွှေတံဆိပ်တွေ ဆွတ်ခူးထားနိုင်ကြတဲ့သူတွေဖြစ်တာမို့ အခုအိုလံပစ်ပြိုင်ပွဲမှာ ရွှေတံဆိပ်တွေ သိမ်းကျုံးယူမယ့်သူတွေအဖြစ် ရေပန်းအစားဆုံးလည်း ဖြစ်နေပါတယ်။

မျှော်မှန်းထား

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်မှာ တရုတ်အလေးမ ကစားသမား၁၀ဦးပါဝင်ယှဉ်ပြိုင်ဖို့ရွေးချယ်ထားပါတယ်။အမျိုးသားငါးဦးနဲ့ အမျိုးသမီးငါးဦး ဖြစ်ပြီး အဲဒီအလေးမ ကစားသမားတွေ အားလုံးက တစ်ဦးချင်းရွှေတံဆိပ်တွေ ဆွတ်ခူးနိုင်ကြမယ်လို့လည်း မျှော်မှန်းထားပါတယ်။

ယုံကြည်မှုအပြည့်

"မိမိတို့ တရုတ်အလေးမ အားကစားမောင်မယ်တွေ ပြိုင်ပွဲဝင်ဖို့ အသင့်အနေအထားရှိနေပါပြီ"လို့ တရုတ်အလေးမအားကစားအဖွဲ့ အုပ်ချုပ်သူ မာဝမ်ဂေါင်က ပြောကြားနေပါတယ်။ ပြိုင်ပွဲ တစ်ခုချင်း၊ ကီလိုတန်း တစ်ခုချင်းစီမှာ ပြိုင်ပွဲဝင်တွေကို အနိုင်ယူဖို့အတွက် သေသေချာချာပြင်ဆင်ထားပါတယ်လို့လည်း မာဝမ်ဂေါင်က ယုံကြည်မှုအပြည့်နဲ့ ဆိုနေပါတယ်။

ရွှေတံဆိပ်ရ

ဒီအိုလံပစ်ပွဲတော်မှာ ပထမဆုံးယှဉ်ပြိုင်ရမှာကတော့ ၄၈ ကီလိုတန်း အလေးမပြိုင်ပွဲဖြစ်တာမို့ တရုတ်အလေးမမယ် ချန်စီဆာ ဝင်ပြိုင်မှာဖြစ်ပါတယ်။ ချန်စီဆာဟာ ၄၈ကီလိုတန်းမှာတော့ ၂၀၀၄ အေသင်အိုလံပစ်တုန်းက ရွှေတံဆိပ်ရရှိထားတဲ့ သူဖြစ်ပါတယ်။

ကြွေးကြော်

ဒါ့အပြင် ၅၈ကီလိုတန်းမှာ ချန်ယန်ကျင်က ရွှေတံဆိပ်မှန်းနေပြီး ၂၀၀၄ အေသင် အိုလံပစ်ပွဲတော်တုန်းက ၅၈ ကီလိုတန်းမှာ ရွှေတံဆိပ်ရယူထားတဲ့သူဖြစ်ပါတယ်။ တကယ်တမ်းမှာလည်း စံချိန်တင်ပြီး ရွှေတံဆိပ်ထပ်ယူမည့်သူအဖြစ် ရေပန်းစားနေပြီး ပြိုင်ဘက်တွေဘယ်လိုမှ မယှဉ်နိုင်ပါဘူးလို့ ကြွေးကြော်နေသူဖြစ်ပါတယ်။

သိပ်တော့မလွယ်

ဒါ့အပြင် လူမှန်ဟောင်ကဖ၉ကီလိုတန်းကို ဝင်ပြိုင်မှာဖြစ်ပါတယ်။ သူမကလည်း အေသင်အိုလံပစ်တုန်းက ရွှေတံဆိပ် ရရှိထားတဲ့ အလေးမမယ် ဖြစ်ပါတယ်။ သူတို့တစ်တွေကို ပြိုင်ဘက်တွေ ကျော်လွှန်ပြီး အလေးမနိုင်ဖို့ဆိုတာ သိပ်တော့မလွယ်ပါဘူး။ နောက်ပြီး ၆၃ ကီလိုတန်းမှာ ဝင်ပြိုင်မယ့် အလေးမမယ်လူဟောစီရာနဲ့ ၇၅ကီလိုတန်းမှာ ဆင်နွှဲမယ့် ကောင်လီတို့ကလည်း ပြီးခဲ့တဲ့ ၂၀၀၇ခုနှစ် ကမ္ဘာ့အလေးမချန်ပီယံတွေဖြစ်ကြပါတယ်။ ဒါကြောင့် တရုတ်အလေးမမယ်တွေကတော့ အိုလံပစ်ပွဲတော်မှာ ရွှေတံဆိပ်တွေရယူဖို့ အသင့်ဖြစ်နေကြပါပြီ။

တရုတ် အလေးမအားကစားအဖွဲ့ အုပ်ချုပ်သူ မာဝန်ဂေါင်။

ချိုးနိုင်မယ်

ဒီလိုပါပဲ... တရုတ် အမျိုးသားအလေးမ ကစားသမားတွေဟာ ၅၆ကီလို၊ ၆၂ကီလို၊ ၆၉ ကီလိုနဲ့ ၇၇ကီလိုတန်းတွေအပြင် ၈၅ကီလိုတန်းမှာ ပါဝင်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ အမျိုးသားအလေးမကစားသမားတွေထဲမှာ ကျန်ဂေါင်ကျင်ဟာ ၆၉ကီလိုတန်းမှာ ရွှေရမယ်လို့ နာမည်ကြီးသူဖြစ်ပြီး ကမ္ဘာ့စံချိန်ကို ချိုးနိုင်မယ်လို့လည်း နာမည်ကြီးနေသူဖြစ်ပါတယ်။

၆၉ ကီလိုတန်း

၆၉ ကီလိုတန်း၌ ပြိုင်ဘက်များကို အနိုင်ယူမည့်တရုတ် အမျိုးသား အလေးမသမား ကျန်ဖောင်ကျင်။

၅၈ ကီလိုတန်း



၅၈ ကီလိုတန်း၌ ရွှေတံဆိပ် ဆွတ်ခူးမည်ဟု ရေပန်းစားနေသည့် ချန်လန်ကျင်။

အခွင့်အရေး

အမျိုးသား ၇၇ကီလိုတန်းကို ဝင်ပြိုင်မယ့် လီဟွန်လီနဲ့ ၈၅ကီလို တန်း ကို ဝင်ပြိုင်မယ့် ယူယောင်တို့ကိုလည်း တရုတ်ပရိသတ်တွေက ရွှေရမယ်လို့ သတ်မှတ်ထားကြတဲ့ သူတွေပါပဲ။ ၅၆ ကီလိုတန်းမှာ ဝင်ရောက် ယှဉ်ပြိုင်မယ့် လီကျန်ကတော့ ပြိုင်ဘက် တူရကီအလေးမကစားသမား ဟယ်လာရီမူလူ ပြိုင်ပွဲကနုတ်ထွက်သွားလို့ ရွှေရဖို့ အခွင့်အရေး ပိုကောင်းသွားပြီဖြစ်ပါတယ်။

ဗိုလ်စွဲခဲ့

၆၀ကီလိုတန်းမှာ ဝင်ကစားပြီး ယှဉ်ပြိုင်မယ့် ကျန်ဆင်းဆင်ကတော့ ကမ္ဘာ့အလေးမချန်ပီယံဖြစ်ပြီး အခုပွဲမှာ ရွှေတံဆိပ်တွေ ထပ်မံရယူဦးမယ်လို့ ဆိုနေပါတယ်။ သူကဂျပန်နိုင်ငံမှာ မကြာမီကကျင်းပခဲ့တဲ့ အာရှချန်ပီယံရှစ် ပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့သူပါပဲ။

ဒါကြောင့် ၂၀၀၈ပေကျင်းအိုလံပစ်ပြိုင်ပွဲဝင်မယ့် တရုတ်အလေးမ ကစားသမားတွေရဲ့ ရွှေတံဆိပ်ရရှိမှု မရရှိမှုကတော့ စောင့်မျှော်အကဲခတ်ရမှာ ဖြစ်ပါကြောင်း။ ။

ကိုးကား-ဆင်ဟွာသတင်းများ

၄၈ကီလိုတန်း၌ ရွှေတံဆိပ် မှန်းနေသည့် ချန်စီတာ၏လေ့ကျင့်ဟန်။

မောင်မောင်မြင့်ဆွေ ရေးသားသည်

ကွင်းလယ်ကစားသမားတစ်ဦး ထပ်မံခေါ်ယူလို နည်းပြ အာစင်ဝင်းဂါး ပြောကြား

လန်ဒန် ဇူလိုင် ၂၄

ဂီလ်ဘာတိုဆေးလ်ဗား၊ အလက်ဇန္ဒြားလက်ဘ်နှင့် ဖလာမီနီတို့အား ရောင်းချခဲ့ပြီးနောက် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် ဘောလုံးရာသီ ဈေးကွက်အဖွင့်တွင် ကွင်းလယ် ကစားသမားသစ်တစ်ဦး ဝယ်ယူလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် နာဆရီနှင့် ရမ်းဆေးတို့ကို ဝယ်ယူပြီးဖြစ်သည်။ ကွင်းလယ်ကစားသမား သုံးဦးတည်းဖြင့် မလုံလောက်ဟု စိုးရိမ်မှုက ကွင်းလယ်ကစားသမားတစ်ဦး ထပ်မံဝယ်ယူရန် သုံးသပ်ပေးခဲ့ခြင်းဖြစ်သည်။

ဒီရာဘီနှင့် ဖာဘရီဂတ်စ်တို့ ရာသီအကြိုပွဲစဉ်များ မကစားသေးမီမှာပင် အလက်ဇန္ဒြားဆောင်းသည် ပေကျင်းအိုလံပစ်သို့ ရောက်ရှိနေမည်ဖြစ်ကြောင်း၊ ခေါ်ယူမည့်သူကို အမည်စာရင်းမထုတ်ပြန်ရသေးသော်လည်း မိမိတို့အနေဖြင့် တစ်ဦးမကလိုအပ်မည်ဖြစ်ကြောင်း အာစင်ဝင်းဂါးက ဆိုသည်။

ခေါ်ယူ

ဂီလ်ဘာတိုက ပနာသီနိုင်ကို့စ်၊ ဖလာမီနီက အေစီမီလန်နှင့်လက်ဘ်က ဘာစီလိုနာ အသင်းများသို့ အသီးသီးပြောင်းရွှေ့သွားကြပြီဖြစ်သည်။ သင့်တင့်သော ဈေးနှုန်းဖြင့် မိမိတို့လိုချင်သော ကစားသမားကို ရရှိပါက ဝယ်ယူမည်ဖြစ်ကြောင်း၊ မိမိတို့သည် ဩဂုတ် ၃၁ရက်အထိ ဝယ်ယူနိုင်သေးသဖြင့် အချိန်ရသေးကြောင်း ဝင်းဂါးက ထုတ်ဖော်ဖွင့်ဟခဲ့သည်။ အာဆင်နယ်အသင်းသည် မာဆေးမှ အသက် ၂၁နှစ်ရှိ နာဆရီနှင့် ကာဒစ်ဖ်မှ အသက် ၁၇နှစ်ရှိ ရမ်းဆေးတို့ကို ခေါ်ယူပြီးဖြစ်သည်။ **(အင်တာနက်)**

မန်ယူ ဘောလုံးအကျော်အမော် ပေါလ်စခိုး နှစ်နှစ်ဆက်ကစားပြီးလျှင် အသင်းမှ နားမည်ဟုဆို

လန်ဒန် ဇူလိုင် ၂၄

မန်ယူဘောလုံးအကျော်အမော် ပေါလ်စခိုး**(ယာပုံ)**သည် လွန်ခဲ့သောနှစ်လကျော်က မန်ယူအသင်းနှင့်အတူ မော်စကိုတွင် ချန်ပီယံလိဂ်ဆုဖလားကို ဆွတ်ခူးကာ ဘောလုံးသမားဘဝ၏ အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ မန်ယူအသင်းနှင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သူ အသက် ၃၃ နှစ်ရှိ ပေါလ်စခိုးသည် မေ ၂၁ရက်

ချန်ပီယံဆုဖလား ရရှိပြီးကတည်းက ၎င်း၏အနာဂတ်ကို စဉ်းစားခဲ့ရာ ဇူလိုင် ၂၃ရက်ကမူ ၎င်းသည် နှစ်နှစ်တာ မျှသာ ဆက်ကစားပြီး မန်ယူအသင်းမှ အနားယူမည်ဟုဖွင့်ဟပြောကြားလိုက်ပြီ၏ဖြစ်သည်။

ပေါလ်စခိုးက မိမိသည် မန်ယူနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် တစ်နှစ်သာလိုတော့ကြောင်း၊ စာချုပ်သက်တမ်းစေ့လျှင် တစ်နှစ်မျှသာ ထပ်ကစားနိုင်လိမ့်မည်ဟု ထင်ကြောင်း၊ သို့သော်လည်း မိမိ၏စိတ်ခံစားမှုနှင့် ကစားနိုင်မှုတို့အပေါ်တွင်လည်း မူတည်နေကြောင်း၊ လောလောဆယ်တွင် နှစ်နှစ်ဟု စဉ်းစားထားခြင်းကသာ မှန်ကန်သင့်လျော်မည်ဟုထင်ကြောင်း ဖွင့်ဟခဲ့သည်။ **(အင်တာနက်)**

ရှုံးပွဲမရှိလက်ဝှေ့သမား ဂျိုးကယ်လ်ဇာဂီ ရွိုင်ဂျုံးစ်နှင့် ထိုးသတ်မည်

လန်ဒန် ဇူလိုင် ၂၄

အမေရိကန်လက်ဝှေ့အကျော်အမော် ရွိုင်ဂျုံးစ်ဂျူနီယာနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည့်ရက်မှာ ယခုနှစ် နိုဝင်ဘာလ ၈ရက်ဖြစ်မည်ဟု ယုံကြည်ကြောင်း ဝေလလက်ဝှေ့ကြယ်ပွင့် ဂျိုးကယ်လ်ဇာဂီက ဇူလိုင်၂၃ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ရှုံးပွဲမရှိသေးသူ ဂျိုးလ်ကယ်ဇာဂီသည် လက်ဝှေ့လေ့ကျင့်စဉ်တွင် ဘယ်လက်တွင် ဒဏ်ရာရရှိသွားခဲ့ပြီးနောက် စက်တင်ဘာ ၂၀ရက်၌ အမေရိကန်နိုင်ငံ မာဒီဆင်စကွဲယား ဂါးဒင်းတွင် ၎င်းတို့နှစ်ဦး ယှဉ်ပြိုင်ထိုးသတ်မည့် အစီအစဉ်ကို ရုပ်သိမ်းခဲ့ရခြင်းဖြစ်သည်။

သို့သော်လည်း ဂျိုးကယ်လ်ဇာဂီက မိမိသည်ကာဒစ်ဖ်တွင် အတိုင်ပင်ခံ ပါရဂူနှင့်တွေ့ခဲ့ရာတွင် သုံးပတ်ကြာ အနားယူရန် အကြံပေးခဲ့ကြောင်း၊နိုဝင်ဘာလတွင်ပြန်လည် ယှဉ်ပြိုင် ထိုးသတ်နိုင်မည်ဟု မိမိမျှော်လင့်ကြောင်းဆောက်သ်ဝေးလ်အာဂတ်သတင်းစာသို့ ပြောကြားခဲ့သည်။ **(အင်တာနက်)**

တိုရန်တိုမာစတာတင်းနစ်ပြိုင်ပွဲ တတိယအဆင့် ဖက်ဒဲယားရှုံးပွဲကြုံပြီး မူရေးနှင့်နာဒယ်အနိုင်ရ

တိုရန်တို ဇူလိုင် ၂၄

ကနေဒါနိုင်ငံ တိုရန်တိုမာစတာတင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပတ်လည်ပွဲစဉ်တွင် ဇူလိုင် ၂၃ ရက်က မိုးကြောင့် နှောင့်နှေးမှုများဖြစ်ပွားခဲ့ပြီးနောက် အန်ဒီမူရေး**(အပေါ်ပုံ)**သည် ပြိုင်ဘက် သောမတ်စ်ဂျိုဟန်ဆင်အား ၆-၄၊ ၆-၄ ဖြင့် အလွယ်အနိုင်ရရှိခဲ့သည်။

ဝင်ဘယ်ဒန်တင်းနစ် နောက်ဆုံးဗိုလ်လုပွဲကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီးကတည်းက ပထမဆုံးအဖြစ် ပြန်ကစားသည့် ယခုပွဲစဉ်တွင် ရာဖေးလ်နာဒယ်နှင့် ရော်ဂျာဖက်ဒဲယားတို့ ကံကြမ္မာလမ်းကြောင်း ပြောင်းသွားခဲ့ပြီဖြစ်သည်။

အနိုင်ရ

နာဒယ်သည် မူရေးကဲ့သို့ပင် ပြိုင်ဘက် ဂျက်စီလီဗိုင်းအား ၆-၄၊၆-၂ ဖြင့် အနိုင်ရရှိခဲ့သည်။

သို့သော် ကမ္ဘာ့ နံပါတ်တစ် တင်းနစ်သမား ရော်ဂျာဖက်ဒဲယားမှာမူ ပြိုင်ဘက် ပြင်သစ်တင်းနစ်သမား ဂျီလက်ဆိုင်မွန်အား ၂-၆၊၇-၅၊၆-၄ ဖြင့် မထင်မှတ်ဘဲ ရှုံးနိမ့်သွားခဲ့သည်။**(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းသည်

၂၀၀၈ ခုနှစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်ကြည့်ရှုပြီး ဆုချီးမြှင့်ပေးအပ်

နေပြည်တော် ဇူလိုင် ၂၄

၂၀၀၈ ခုနှစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် ညနေ ၄ နာရီက မန္တလေးတိုင်းချမ်းအေးသာစံ မြို့နယ်ရှိ ဗထူးအားကစားကွင်း၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေ တက်ရောက် ကြည့်ရှုအားပေးသည်။

ယှဉ်ပြိုင်ကစား

ရွှေဦးစွာ ပင်မစစ်လက်နက်ပစ္စည်းတပ် (မန္တလေး)နှင့် ပင်မစစ်လက်နက် ပစ္စည်းတပ်(နတ်မောက်)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပင်မစစ်လက်နက်ပစ္စည်းတပ် (နတ်မောက်)အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆုချီးမြှင့်ပေး

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေက ပထမရရှိသော ပင်မစစ်လက်နက် ပစ္စည်းတပ် (နတ်မောက်) အသင်းအား ငွေသားဆုကျပ် ၁၅၀၀၀၀နှင့် ဒိုင်းဆုကြီးကို ချီးမြှင့် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

ရန်ကုန် ဇူလိုင် ၂၃ ရက်က ပထမဆု ၂၂ သိန်းတန် နှစ်ဖက်ဖွင့်ရေခဲသေတ္တာဆုကြီး ကို **Khind Electro World** မှ **Managing Director** ဦးကျော်ကျော်(ခ) ဦးဘီလားက မဲနှိုက်ရွေးချယ်ပေးစဉ်။ (သတင်းစဉ်)

Khind & Mistral Electrical & Electronics နွေရာသီကံစမ်းမဲဖွင့်ပွဲနှင့် ကံထူးရှင်ရွေးချယ်ပွဲ

ရန်ကုန် ဇူလိုင် ၂၄

မလေးရှားနိုင်ငံထုတ် Khind နှင့် ဩစတြေးလျနိုင်ငံထုတ် Mistral Electrical & Electronics ပစ္စည်းများကို တင်သွင်းဖြန့်ဖြူး ရောင်းချပေးလျက်ရှိသော Khind Electro World ၏ နွေရာသီကံစမ်းမဲဖွင့်ပွဲနှင့် ကံထူးရှင်ရွေးချယ်ပွဲ အခမ်းအနားကို ဇူလိုင်၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီက အလံပြဘုရားလမ်း (လပြည့်ဝန်း ပလာဇာဘေး)ရှိ Khind Show Room (1)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် အထူးဆု ကြီးကိုးဆုနှင့် ခုနစ်သောင်းတန်ကြွေ dinner set ၉၉ဆု စုစုပေါင်း ၁၀၈ ဆုကို အထူးဖိတ်ကြားထားသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ အရောင်းကိုယ်စားလှယ်ကြီး များနှင့် စာနယ်ဇင်းတာဝန်ခံများက မဲနှိုက် ရွေးချယ်ပေးရာ ပထမဆု လှိုင်မြို့နယ်မှ ကိုထွန်းထွန်းဇော်၊ ဒုတိယဆု ပဲခူးမြို့မှ ဦးမြင့်လွင်၊ တတိယဆု ဒဂုံမြို့နယ်မှ သီဂီ ရွှေဝါပိုးထည်ဆိုင်၊ စတုတ္ထဆု သာကေတ မြို့နယ်မှ ကိုမိုးကျော်သူ၊ ပဉ္စမဆု ဒေါ်ငွေ ငွေဝင်း၊ ဆဋ္ဌမဆု မမာလာဖြူ၊ သတ္တမဆု ကိုသန့်လွင်၊ အဋ္ဌမဆု ရန်ကင်းမြို့နယ်မှ ဒေါ်ကျင်စန်းဝင်း၊ နဝမဆု ဖလမ်းမြို့မှ မနွယ်နွယ်ဇင်တို့က အသီးသီးရရှိခဲ့ကြသည်။

ဝယ်ယူသူများသည် ငွေကျပ် ၇၀၀၀ မှ ၇၀၀၀၀ ဝန်းကျင်အတွင်း ဝယ်ယူခဲ့သည့် တန်ဖိုးအပေါ်တွင် ယခုကဲ့သို့ဆုများ ရရှိ ခဲ့ကြခြင်း ဖြစ်သည်။

ကျန်အထူးဆုဖြစ်သော မလေးရှား နိုင်ငံလုပ်microwave အပူခံ ၇၀၀၀၀ တန် လေးဦးစာကြွေdinner set ၉၉စုံကို ရန်ကုန် အပါအဝင် မန္တလေး၊ မော်လမြိုင်၊ သာယာ ဝတီ၊ အိမ်မဲစသော နယ်မြို့များမှ ဝယ်ယူ သူများပါရရှိခဲ့ကြပြီး ထို dinner set ဆုမဲ များကို ဇူလိုင်၂၈ ရက်မှစ၍ အလံပြဘုရား လမ်းရှိKhind Show Roomတွင် တစ်လ အတွင်း ထုတ်ယူနိုင်သည်။

ချီးမြှင့်ပေးမည်

အထူးဆုကြီးကိုးဆုနှင့် ဝယ်အား အကောင်းဆုံး အရောင်းကိုယ်စားလှယ်ဆု များကို ၂၀၀၈ ခုနှစ်ဩဂုတ်လအတွင်းတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ၍ ချီးမြှင့် ပေးမည်ဖြစ်ပြီး အခမ်းအနားတက်ရောက် ရန် ဖိတ်စာနှင့်တကွ အကြောင်းကြားမည် ဖြစ်သည်။

အရောင်းမြှင့်တင်မှုအစီအစဉ်

Khind Electrical &Electronic မှ Blazon Shopping Centre တွင် ဇူလိုင် ၇ ရက်မှ ဇူလိုင်လကုန်အထိ ၇ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းdiscount ဖြင့် အရောင်းမြှင့်တင်မှု အစီအစဉ်များကို ပြုလုပ်လျက်ရှိပြီး အခြား Shopping Centre များတွင်လည်း တန်ဆောင်တိုင် ကာလအထိ Promotion အစီအစဉ်များ ကို အလှည့်ကျ ပြုလုပ်သွားမည် ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ လက်လီ လက် ကား ဝယ်ယူလိုသူများသည် Khind Show Room သို့ တိုက်ရိုက်ဆက်သွယ်နိုင်ပြီး မှာယူသည့် ပစ္စည်းများကို သက်ဆိုင် ရာဂိတ်များအရောက် ပို့ဆောင်မှုပြုပေးမည် ဖြစ်ကြောင်း Khind Show Room ဖုန်း- ၂၄၂၃၀၇၊ ၃၈၀၄၇၅ တို့သို့ အသေးစိတ် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်း ခရီးကြမ်းထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၄

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်ဦးဆောင်၍ အဖွဲ့ဝင် ၆၇ဦးပါဝင်သော မိုးရာသီခရီးကြမ်း လေ့ကျင့်ရေးအဖွဲ့သည် ဇူလိုင် ၁၇ရက်မှ ၂၀ရက် အတွင်း မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်ရှိ ကေလာသ-ဝေပုလ္လ တောင်တန်း များသို့ ခရီးကြမ်းထွက်ခွာ လေ့ကျင့်ခဲ့ကြသည်။

ဆက်ကပ်လှူဒါန်း

အဆိုပါခရီးကြမ်းအဖွဲ့သည် လေ့ကျင့်ရေးကာလအတွင်း ရောက်ရှိရာ တောင် ကြောတစ်လျှောက်ရှိ တောရကျောင်းများသို့ဝင်ရောက်ကာ တောရဆောက်တည်ကြသည့် သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်၊ ဖယောင်းတိုင်၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းမျိုးစုံကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေကျင်းဝူရှူးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်များ တရုတ်သို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ဝူရှူးပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန် နှင့် လေ့ကျင့်မှုအပြီး ဩဂုတ်၂၁ရက်မှ ၂၄ရက်အထိကျင်းပမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်း ဝူရှူးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ ဝူရှူး အားကစား အဖွဲ့ချုပ် အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးခွန်ဂျာအောင်၊ အုပ်ချုပ်သူအဖြစ် ပါဝင်ဆောင်ရွက်မည့် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့ဝင် လေးဦးပါဝင်သည့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဝူရှူးအားကစား အဖွဲ့ချုပ် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြ သည်။ **(အောက်ပုံ)**

လိုက်ပါ

အဆိုပါ ဝူရှူးအဖွဲ့တွင် အုပ်ချုပ်သူ ဦးခွန်ဂျာအောင်၊ နည်းပြအဖြစ် တရုတ် နည်းပြဆရာ Mr. Su Tong Yu က ဆောင်ရွက်မည်ဖြစ်ပြီး အားကစားသမားများမှာ သစ်တောရေးရာဝန်ကြီးဌာနမှ အောင်စည်သူနှင့် ကမာရွတ်မြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမှ မစန္ဒီဦး အပါအဝင် စုစုပေါင်း အားကစားအဖွဲ့ဝင် လေးဦး လိုက်ပါသွားကြသည်။ **(မြန်မာ့အလင်း)**

ပုသိမ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်မည်

ရန်ကုန် ဇူလိုင် ၂၄

ပုသိမ်အသင်း(ရန်ကုန်)၏ ပုသိမ် ခရိုင်အတွင်းမှ ရန်ကုန်မြို့တွင် သီတင်းသုံး ကျောင်းထိုင်တော်မူလျက် ဝါဆိုတော်မူကြ သော သံဃာတော် ၂၈ ပါးတို့အား (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပူဇော်ပွဲကို ဇူလိုင်၂၇ရက် (တနင်္ဂနွေ နေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/၄၃(စီ) ရေဝတီတိုက်ခန်းမ၌ ကျင်းပ မည်ဖြစ်ရာ အသင်းဝင် မိသားစုများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက် ကြည်ညိုကုသိုလ်ယူကြရန် ဖိတ်ကြားထား သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များသည် ပုသိမ်အသင်း ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀-၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌများ ဦးဘအေး ဖုန်း-၀၉- ၅၀-၁၆၆၁၃၊ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀- ၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁-၂၃၄၁၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း- ၀၉-၅၀-၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဋ္ဌေး ဖုန်း-၀၉-၈၀-၂၀၅၀၄၊ ဘဏ္ဍာ ရေးမှူး ဦးလေးတင့် ဖုန်း-၂၁၅၉၇၂၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း- ၀၉-၅၁-၅၀၁၀၀၊ ပုသိမ်အသင်း(ရန်ကုန်) ဖုန်း-၀၁-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီးသို့ တောင်ကြီးမြို့ ကျောင်းကြီးစု တောင်ပိုင်းရပ်ကွက် စဝ်စံထွန်းလမ်း အမှတ် ၆၁(က)နေ ဦးပေစိန်၊ ဒေါ်မေသန်း မိသားစုက ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်း မြို့နယ်ပေါင်းစုံသိုင်းပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၈ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလား မြို့နယ်ပေါင်းစုံသိုင်းပြိုင်ပွဲကို ဇူလိုင် ၁၆ရက်မှစ၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) အားကစားခန်းမ၌ ကျင်းပခဲ့သည့်ပွဲတွင် တံခွန်စိုက်စွယ်စုံဒိုင်းနှင့် စွမ်းရည်ပြတံခွန်စိုက် ဒိုင်းကို မင်္ဂလာဒုံမြို့နယ်၊ လက်အတိုက် တံခွန်စိုက်ဒိုင်းကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဓားအတိုက်တံခွန်စိုက်ဒိုင်းကို တောင်ဥက္ကလာပမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့က ဆွတ်ခူးရရှိခဲ့ကြသည်။

ချီးမြှင့်ပေးအပ်

ပြိုင်ပွဲအပြီးတွင် တစ်ဦးချင်းဆုများကို မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အား/ကာ အရာရှိ ဦးကျော်မျိုးအောင်တို့က ချီးမြှင့်ကြပြီး တံခွန်စိုက်ဒိုင်းဆုများကို တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်က ချီးမြှင့်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

မြို့တော်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၄

ဦးစောကျော်ကျော် (စောထရေးဒင်း ကုမ္ပဏီ)သည် ဇူလိုင်၁၇ရက် နံနက်၇နာရီ ၄၅မိနစ်က ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဂေါက်သီးရိုက်ကစား စဉ် ကျင်းအမှတ်(၅)၌ (၁၅၄)ကိုက်အကွာ မှ Srixon No.1 ဘောလုံးကို Ping Iron No.5 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက် တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြ သော ဦးကျော်ဝင်း (National Wood Co.)၊ ဦးမျိုးမြင့် (Thein Than Mining Co.) နှင့် ဦးအေးသိမ်း AD BSI(Retd) တို့အတူ ကစားလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

25-7 (12).pmd 1 7/26/2008, 2:44 AM

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (င)အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ဘောလုံးကစားကွင်းနှင့် ပေါင်းလောင်းဘောလုံးကစားကွင်းတို့၌ ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကစားကွင်းအမှတ်(၁)၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အရာထမ်း အမှုထမ်းများနှင့် မိသားစုများ၊ ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပါပွဲစဉ်၌ သာသနာရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကြည့်ရှုအားပေး

ပေါင်းလောင်းဘောလုံးအားကစားကွင်း၌ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲစဉ်၌ ကျန်းမာရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဇူလိုင် ၂၅ ရက်(သောကြာနေ့)တွင် နေပြည်တော်ဘောလုံးအားကစားကွင်း အမှတ်(၁)၌ ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ရှေ့နေချုပ်ရုံးအသင်း၊ ပေါင်းလောင်းဘောလုံးကစားကွင်း၌ သတ္တုတွင်းဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့သည် (စ)အုပ်စုပွဲစဉ်များအဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးဝမြို့ ပျိုးဥယျာဉ်အတွင်း ပျိုးထောင်

ရန်ကုန် ဇူလိုင် ၂၄

ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း မြို့သာယာလှပရေးဆောင်ရွက်ရန်အတွက် ပန်းအလှပင်များ ပျိုးထောင်ခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများမှ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဇော်ခင်က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဆားလင်းကြီးမြို့ မြေယာရှင်းအလှပြင်

ဆားလင်းကြီး ဇူလိုင် ၂၄

ဆားလင်းကြီးမြို့ ဗိုလ်ချုပ်လမ်းနှင့် ဗန္ဓုလလမ်းဆုံရှိ မြေယာရှင်းကို ဇူလိုင် ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအုန်းမြင့်၊ တာဝန်ခံ အင်ဂျင်နီယာဦးအောင်ကြည်စိုးနှင့် ဝန်ထမ်းများပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

The Live News ဂျာနယ် အမှတ်(၉၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၄

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ် အမှတ်(၉၀)တွင် ဆင်ဖြူကျွန်း အောင်သိန်း၏ မြန်မာ့စိတ်နေ၊ မြင်းမူမောင်နိုင်မိုး၏ ဖားသူငယ်နှင့် အရွယ်သုံးပါး၊ နီမင်းဆွေ၏ သိုးတို့ရဲ့ငြိမ်းချမ်းရာနယ်မြေ(၂)၊ ကိုကိုလှိုင်၏ နိုင်ငံရေးအရ အသုံးချခံနေရသည့် ဖုရားဝိဟာဘုရားကျောင်းတော်၊ ဦးကို၏လမ်းပေါ်ကအတွေးများ(၁၆) ပြပြ-ဝင်ဝင် ကားများ၊ မောင်မြတ်မွန်(ဆူးလေ)၏ သံသုမာလမ်းကို အခြေခံထားတဲ့ ရန်ကုန်မြို့တော်ပတ်လမ်း(၁)၊ အာရှမိုး၏ သူခိုးသေဖော်ညှိရင်းပြီးဆုံးသွားတဲ့ ဂျီ-၈ ဆွေးနွေးပွဲ၊ အောင်ကျော်ဆန်း၏ မော်လမြိုင်ရွှေကျွန်း တောက်ထွန်းတဲ့သာသနာ၊ ဇော်ဝင်းကြည်၏ဂျီ- ၈ ထိပ်သီးညီလာခံမှ သင်္ကြန်အမြောက်သံများ၊ မောင်နေလင်း၏ တက္ကစီမင်းနှင့် ယာဉ်စည်းကမ်း၊ သမ္မတဘုရှ်ကိုလုပ်ကြံရန် ကြံစည်သူခြောက်ဦး အစွဲရေး၌ဖမ်းမိ၊ ဆိုးရွားလာသော ဂျပန်-ကိုရီးယားဆက်ဆံရေး၊ ဂျော်ဂျီယာ-အက်ဘ်ခါဇီယာအရေး အနောက်နိုင်ငံများ၏ ကမ်းလှမ်းချက် အက်ဘ်ခါဇီယာပယ်ချ၊ ပျောက်ကွယ်လုဖြစ်နေသော လူသား မျိုးနွယ်သစ်များကို ဘရာဇီးတောနက်ကြီးများထဲတွင် ရှာဖွေတွေ့ရှိ၊ ကိုယ့်ဘဝလို့သတ်မှတ်ရမယ့်ချစ်သူကို ရှာမတွေ့သေးတဲ့ရဲလေး အနာဂတ်မှာ သရုပ်ဆောင်လောကထဲကို ရဲလေး Return ဆိုပြီး ပြန်လာမည်၊ လိုအပ်သောအရည်အချင်းရှိပါက အသက် ၁၆နှစ်မှ ၂၀အတွင်းရှိ မည်သူမဆို စင်ကာပူနိုင်ငံ၌ အခမဲ့ပညာသင်ကြားနိုင်မည်၊ ပင်လယ်ပျော်မင်းသား အပိုင်း (၁၅၊၁၆)၊ ရွှေမင်းသားလေးချစ်ပုံပြင်အပိုင်း(၁၆၊၁၇) စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

The Live News ဂျာနယ်အားအပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ်၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ်၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ် ၃၁၀၊ အခန်း ၀၀၄၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Service) အမှတ် ၅၅ ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေးလက်ထိုးရုပ်ပြ

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)က ကြီးမှူး၍ အင်းစိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသာထွန်း ဦးဆောင်သည့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးပညာပေးသရုပ်ပြပွဲကို ယမန်နေ့နံနက် ၉နာရီက အင်းစိန် အထက(၁) ရောခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ဗဟိုအလုပ်အမှုဆောင် ဦးသာထွန်း၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးယဉ်ကျော် (ဒါရိုက်တာ မောင်ယဉ်ကျော်)**(အပေါ်ပုံ)**၊ တာဝန်ခံကျောင်းအုပ် ဆရာမကြီး ဒေါ်မေဖောတို့က အမှာစကားပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပြီး လက်ထိုးရုပ်ဇာတ်လမ်းများဖြင့် ပညာပေးပြသသည်။

အလှည့်ကျပြသ

အခမ်းအနားသို့ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ အထက(၁) ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)နှင့် အဖွဲ့ဝင်များ၊ လက်ထောက်ပညာရေးမှူးနှင့် မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်အတွင်းရှိ ကျောင်းများအလှည့်ကျပြသမည် ဖြစ်သည်။ (၁၁၃)

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

မြစ်ဝကျွန်းပေါ်၊ မွန်-တနင်္သာရီကမ်းရိုးတန်းနှင့်ကမ်းလွန်ပင်လယ်ပြင်တို့၌လှိုင်းကြီးနိုင်

ရန်ကုန် ဇူလိုင် ၂၄

ဇူလိုင် ၂၃ ရက်က ကမ္ဘာ့ရာသီဥတုဖြစ်စဉ်ကိုလေ့လာပါက တရုတ်နိုင်ငံတောင်ပိုင်း ရှိဝမ်စီရင်စုတွင် မိုးသက်လေပြင်းများ တိုက်ခတ်ခြင်း၊ လေဆင်နှာမောင်း တိုက်ခတ်ခြင်း၊ အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် ဖယ်လွန်မြို့၌ လေဆင်နှာမောင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဇူလိုင် ၂၄ ရက်က မြန်မာနိုင်ငံအတွင်း ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်လျှင် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာသွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်း၌ နေရာကျဲကျဲ မိုးရွာသွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာသွန်းခဲ့သည်။

မိုးရေချိန်စံချိန်သစ်

ဇူလိုင်၂၄ ရက်က အများဆုံးရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

စခန်း	စံချိန်သစ်	စံချိန်ဟောင်း	ယခင်စံချိန်ကျိုးသည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
၁။ တံတားဦး	၄.၇၂လက်မ	၃.၉၀လက်မ	၁၇-၇-၂၀၀၆	၁၅
၂။ မန္တလေး	၄.၁၄လက်မ	၃.၁၅လက်မ	၂၂-၇-၁၉၆၈	၆၁

ဇူလိုင်၂၄ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်	**၀.၁၉ လက်မ**	**သံတွဲ**	**၄.၄၁ လက်မ**
မော်လမြိုင်	**၄.၀၁ လက်မ**	**ရွှေကျင်**	**၃.၁၈ လက်မ**
မြိတ်	**၂.၂၅ လက်မ**	**မကွေး**	**၁.၆၅ လက်မ**

ဇူလိုင် ၂၅ရက်**(ယနေ့)** ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာသွန်းနိုင်ပြီး မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာသွန်းနိုင်သည်။ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာသွန်းနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇူလိုင် ၂၅ ရက် **(ယနေ့)**နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ မိုးအသင့်အတင့်ရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားကောင်းလျက်ရှိသည်။ မြန်မာ့ပင်လယ်ပြင်၌ မြစ်ဝကျွန်းပေါ် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

သီရိလင်္ကာမြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ် ငါးဖမ်းစက်လှေများ နစ်မြုပ်၊ နှစ်ဦးသေ၊ ၁၂ဦးပျောက်ဆုံးနေ

ကိုလံဘို ဇူလိုင် ၂၄

သီရိလင်္ကာနိုင်ငံတောင်ပိုင်းတွင် ဇူလိုင် ၂၄ရက် နံနက်က မုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ မိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။

သေဆုံး

အဆိုပါ မုန်တိုင်းမှာ တစ်နာရီလျှင် ၆၅မိုင်နှုန်းတိုက်ခတ်ခဲ့သဖြင့် ပင်လယ်ပြင်၌ ငါးဖမ်းစက်လှေရှစ်စင်းခန့် နစ်မြုပ်ခဲ့ပြီး ငါးဖမ်းလုပ်သား နှစ်ဦးသေဆုံး၍ ၁၂ဦး ပျောက်ဆုံးလျက်ရှိသည်။

ကမ်းရိုးတန်း

မုန်တိုင်းဒဏ်ခံရသည့် ဒေသများမှာ သီရိလင်္ကာနိုင်ငံတောင်ပိုင်း ဘာလာပီတီယာမြို့နှင့် မိုရာတူဝါမြို့ အနောက်ဘက်ကမ်းရိုးတန်းဒေသများဖြစ်ကြောင်း သိရသည်။

ဂျပန်အရှေ့မြောက်ပိုင်း၌ ၆ ဒသမ ၈ အင်အားရှိငလျင်လှုပ် နေအိမ်များပျက်စီး၊ လူ ၁၀၀ ကျော် ဒဏ်ရာရ

တိုကျို ဇူလိုင် ၂၄

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဇူလိုင် ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၀၀နာရီ ၂၆မိနစ်က ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်း မြေငလျင် လှုပ်သွားကြောင်း ဂျပန်နိုင်ငံ အမျိုးသား ငလျင်ဗျူရိုက သတင်းထုတ်ပြန်သည်။

အဆိုပါငလျင်သည် ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း အိုင်ဝါတီစီရင်စုမြောက်ဘက် ကမ်းလွန်ကို ဗဟိုပြု၍လှုပ်သွားရာ အိုင်ဝါတီ၊ အိုမိုရီ၊ မီယာဂီနှင့် ဖူကူရှီမာစီရင်စုတို့တွင်နေအိမ်များ(အောက်ပုံ)ပျက်စီးပြီး ဒေသခံပြည်သူ၁၀၀ကျော် ဒဏ်ရာရရှိခဲ့သည်။

အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်၌ တိုက်ခတ်ခဲ့သည့် ဒိုလီမုန်တိုင်း နောက်ဆက်တွဲသတင်း

မက္ကဆီကိုစီးတီး ဇူလိုင် ၂၄

အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်ကို ဖြတ်သန်းတိုက်ခတ်သွားသော ဒိုလီမုန်တိုင်းသတင်းကို ဇူလိုင်၂၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြခဲ့သည်။ ၎င်းမုန်တိုင်း၏ နောက်ဆက်တွဲသတင်းကို ဆက်လက်ဖော်ပြရလျှင် ဒိုလီမုန်တိုင်းတိုက်ခတ်မှုကြောင့် မက္ကဆီကိုနိုင်ငံ တာမျူလီပတ်စ်ဒေသ၌ ပြည်သူ ၁၃၀၀၀ခန့် မုန်တိုင်းဒဏ်ခံစားကြရသည်။

မက္ကဆီကိုနိုင်ငံ အရှေ့မြောက်ပိုင်းဒေသရှိ ကမ်းလွန်ရေနံလုပ်ငန်း အဆောက်အအုံအချို့ပျက်စီးခဲ့ပြီး ဝန်ထမ်းများအား အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရသည်။ ထို့အတူ အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌လည်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် သေဆုံးသူမရှိခဲ့ကြောင်း သိရသည်။

တရုတ်အလယ်ပိုင်း၌ မိုးသည်းထန်ပြီး ရေလွှမ်း ၁၀ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိ

ဝူဟန် ဇူလိုင် ၂၄

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်တွင် ဇူလိုင် ၂၄ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း တရုတ်အမျိုးသား သဘာဝဘေးဆိုင်ရာ အရာရှိများကပြောကြားသည်။ (အောက်ပုံ)

ရေလွှမ်းမှုကြောင့် ဒေသခံပြည်သူ ၁၀ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးကာ လူတစ်သိန်းခန့် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း သိရသည်။ ထို့အတူ နေအိမ်အများအပြားလည်း ရေနစ်မြုပ်ခဲ့သဖြင့် ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စမ်းချောင်းမြို့နယ် လင်းလွန်းပင်ကျောင်းဆောင်များ ပြုပြင်ရန် အလှူငွေများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက် လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်အတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသော ရှေးဟောင်းသိမ်တော်ကြီးနှင့် ကျောင်းဆောင်များ ပြန်လည်ပြုပြင်ရန်အတွက် အမှတ် ၂၁ မြေညီထပ် ဖျာပုံလမ်း စမ်းချောင်းနေ ဦးသန်းငွေ-ဒေါ်ဌေးဌေးကြည်၊ သမီး အိလဲ့ဖြူ၊ မသီဂီ မိသားစုက အလှူငွေကျပ်သုံးသိန်းကို ဆရာတော် ဘဒ္ဒန္တဥတ္တမာစာရထံ ဆက်ကပ်လှူဒါန်းသည်။ (ဝဲပုံ)

လှူဒါန်းနိုင်

ပြုပြင်ဆဲ ကျောင်းဆောင်များအတွက် လှူဒါန်းလိုပါက လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်သို့ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၅၃၇၆၅၇ သို့ ဆက်သွယ်၍ဖြစ်စေ လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘုရားစု-သီးကုန်း-ဆပ်ခင်း ကျေးလက်လမ်း ကန့်ကားခင်းခြင်းဆောင်ရွက်မှုကို ဇူလိုင် ၁၃ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် အင်ဂျင်နီယာမှူး ဦးထွန်းမြင့်တို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ရိုးစီ ရေမြောင်း

သပိတ်ကျင်းမြို့ ရုံးကုန်းလမ်း ကျောက်စီရေမြောင်း ဆောင်ရွက်ခြင်းလုပ်ငန်းကို ဇူလိုင် ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော့(ချ်)မျိုးမြင့် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇင်ဇင်သက်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သံဖြူဇရပ်မြို့နယ်စည်ပင် အုတ်တံတိုင်း စည်းရိုးကာရံ

သံဖြူဇရပ် ဇူလိုင် ၁၅

သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့ရုံး အုတ်တံတိုင်းခြံစည်းရိုးကာရံခြင်းကို ဇွန် ၂၀ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မြင့်ဦးတို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျောက်ချောလမ်းခင်း

ဇူလိုင် ၁ရက်က တောင်တွင်းကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တလုပ်ပင်ကျေးလက် ကျောက်ချောလမ်းခင်းမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုလ် ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပါပါနန်းဇော်

40% Dsicount

[illegible]

[illegible]

"ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း"

[illegible]

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မိတ္ထီလာတက္ကသိုလ်တွင် ၂၀၀၈-၂၀၀၉ပညာရေးနှစ်အတွင်း အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

			အရေအတွက်
၁။	Lab: Equipment:	Chemical	(၄) မျိုး
		Apparatus	(၁၃) ခု
၂။	Office Equipment	၄ မျိုး	(၈) ခု
၃။	Furniture	၉ မျိုး	(၃၉၆) ခု
၄။	စာရေးကိရိယာ	၂ မျိုး	(၂၀၀) ထုပ်

၂။ တင်ဒါပိတ်ရက်မှာ ၇-၈-၂၀၀၈ရက် ညနေ ၄း၃၀နာရီဖြစ်ပါ၍ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
မိတ္ထီလာတက္ကသိုလ်
ဖုန်း-၀၆၄-၂၃၆၂၁၊ ၂၃၆၂၂။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့ ဝမ်လိရွာ ပါဆတ်ရပ် အမှတ်၁၁၁ နေ ဦးစိုင်းလှမြင့်၊ ဒေါ်နန်းခမ်းဇင်တို့၏ သမီးဖြစ်သူ နန်းသီဂီမြင့်(ခ)ဗွိဗွီး ၁၃/တခလ(နိုင်)၀၆၁၄၈၆ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယခုကြေညာသည့်ရက်မှစ၍ ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုင်းလှမြင့်နှင့် ဒေါ်နန်းခမ်းဇင်တို့၏ လွှဲအပ်ချက်အရ-
ဦးလှစိုး
တရားရုံးချုပ်ရှေ့နေ (စဉ်-၃၉၁၆)
အမှတ် ၇၇ (မြေညီထပ်)၊ ၃၈လမ်း (အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် မင်းကံကြီးရွာနေ ဦးမြကူး၏သမီး မနီသည် မိဘတို့၏ပြောဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဖခင် ဦးမြကူး
၅/ခဥန(နိုင်)၀၂၆၀၅၈။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၆၀၆၇၉ Suzuki ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးချစ်ဦး ၅/စကန(နိုင်)၁၉၁၉၅၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (စစ်ကိုင်းမြို့)။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- **မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။**
- **မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။**

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဧရာဝတီသည် နိုင်ငံတော်၏ ငါးဟင်းအိုးကြီးဟု တင်စားခေါ်ဝေါ် ခံခဲ့ရလောက်အောင် ငါး၊ ပုစွန်၊ ကဏန်း ပေါ်များစွာဖြင့် ပြည်တွင်းစားသုံးရန်သာမက ပြည်ပနိုင်ငံခြားငွေ ရှာဖွေပေးခဲ့သည်။ ရန်ကုန်သည်လည်း ပင်လယ်ငါးဖမ်းသင်္ဘောများ ဆိုက်ကပ်ရာ Maritime Port လည်းဖြစ်၊ အအေးခန်းစက်ရုံ အများစုရှိရာလည်းဖြစ်၍ ငါးလုပ်ငန်း ကုန်သွယ်မှုတွင် လွန်စွာအရေးပါလှပါသည်။

ကိုစံ(စက်မှု)၏ ဆောင်းပါး စာ - ၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မော်လမြိုင်ကျွန်း လေဘေးသင့် ကျေးရွာများသို့ လူသုံးကုန်နှင့် အိမ်သုံးပစ္စည်းများထောက်ပံ့

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးပို့ထားသော လူသုံးကုန်ပစ္စည်းမျိုးစုံနှင့် အိမ်သုံးပစ္စည်းများကို မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ပြည်သူများထံ မြို့နယ်ကြက်ခြေနီအသင်းမှတပ်ဖွဲ့ဝင်များက သွားရောက်ထောက်ပံ့ပေးအပ်လျက်ရှိရာ ဇူလိုင် ၂၁ ရက်တွင် သူရဲချောင်းကျေးရွာရှိ အိမ်ထောင်စုဦးရေ ၅၉၇ စုနှင့် လပွတ်ကွဲတဲချောင်းကျေးရွာရှိ အိမ်ထောင်စုဦးရေ ၄၂၂ စုတို့အား အိမ်ထောင်စုအလိုက် ခြင်ထောင်၊ စောင်၊ ဒန်အိုး၊ ဒန်ခွက်၊ ဆပ်ပြာအပါအဝင် အိမ်သုံးနှင့်လူသုံးပစ္စည်းခုနစ်မျိုးတို့ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွက်ကျားမိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။